ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့ (14 - 4 - 2013) (၇၄၅၅)

- အတာရေသဘင်ပက်ဖျန်းတဲ့ နှစ်သစ်ကူးအတာသင်္ကြန်ကာလမှာ မိဘပြည်သူများ စိတ်နှလုံးအေးချမ်းသာယာစွာရှိကြစေဖို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပို့သ။
- တစ်ဆက်တည်းမှာပဲ ပြီးခဲ့တဲ့နှစ်ဟောင်းကဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခများအပေါ် လူမျိုးရေး၊ ဘာသာရေး ပုံဖော်လိုတဲ့ ပြည်တွင်းပြည်ပမှ အကြမ်းဖက်အဖျက်လုပ်ရပ်များကိုလည်း ဤသင်္ကြန်ကာလမှာ သတိထားကာကွယ်သွားကြပါရန် တိုက်တွန်း။

မြန်မာ့ရိုးရာသင်္ကြန်၏ အနှစ်သာရဖြစ်တဲ့ မေတ္တာတရားကိုအခြေခံတဲ့ အေးချမ်းတည်ငြိမ်မှုကို အခိုင်အမာတည်ဆောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် အတာသင်္ကြန် နှစ်သစ်ကူးမိန့်ခွန်း

မိဘပြည်သူများခင်ဗျား -

ယခုကဲ့သို့ အတာသင်္ကြန်နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နေရာဒေသအနှံ့အပြားမှာ မိမိတို့မြန်မာနိုင်ငံသားအားလုံး အသက်အရွယ် ကြီးငယ်မရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြတဲ့ အစည်ကားအသိုက်မြိုက်ဆုံးဖြစ်တဲ့ ရိုးရာပွဲတော်တစ်ရပ်ဖြစ်ပါသည်။ ယခုလို အတာသင်္ကြန်နှစ်သစ်ကူးအခါသမယမှာ မိဘပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ယခုလို နှစ်သစ်ကူးကာလမှာ နှစ်ဟောင်းက အညစ်အကြေးများကို ဆေးကြောသန့်စင်ပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ မင်္ဂလာရှိရှိ အစပြုလေ့ရှိတာဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့ ရိုးရာဓလေ့ဖြစ်ပါတယ်။ ဒါကြောင့် ယခုနှစ် နှစ်သစ်မင်္ဂလာမှာ ကျွန်တော့်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို အဓိကပြောကြားလိုတာကတော့ ယခင်နှစ်က ဒီမိုကရေစီအရေး ကြိုးပမ်းမှုဖြစ်စဉ်နဲ့အတူ လူမှုရေးအထင်အမြင်လွဲမှားမှုတွေကနေတစ်ဆင့် ပေါ်ပေါက်ခဲ့တဲ့ စိတ်ဝမ်းကွဲပြားမှုတွေ၊ ပဋိပက္ခဖြစ်မှုတွေနဲ့ မတည်ငြိမ်မှုတွေဆိုတဲ့ အမည်းစက်တွေကို အတာသင်္ကြန်ရေနဲ့ ဆေးကြောသန့်စင်ပြီး မင်္ဂလာရှိတဲ့ ကိစ္စရပ်တွေ၊ ပျော်ရွှင်ဖွယ်ကိစ္စရပ်တွေ၊တည်ငြိမ်အေးချမ်းရေးကို ဦးတည်တဲ့ ကိစ္စရပ်တွေနဲ့ ပြည့်လျှမ်းနေတဲ့ မြန်မာနိုင်ငံအဖြစ် လာမည့်နှစ်သစ်မှာ မြင်တွေ့လိုကြောင်း တိုက်တွန်းပြောကြားလိုခြင်းပဲ ဖြစ်ပါတယ်။

ယခုလို အလေးအနက် တိုက်တွန်းပြောကြားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့လူ့အဖွဲ့အစည်းဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ လူမှုရေးသဟဇာတရှိရှိ အတူယှဉ်တွဲနေခဲ့တဲ့ သမိုင်းနဲ့ချီတဲ့ အမျိုးသားရေးအစဉ်အလာကို အခြေခံပြီး ပြောကြားရခြင်းဖြစ်ပါတယ်။ မိမိတို့ လူ့အဖွဲ့အစည်းဟာ အခက်အခဲအကျပ်အတည်းများနဲ့ စိန်ခေါ်မှုများစွာကို အတူလက်တွဲ ကျော်လွှားခဲ့ကြတာဖြစ်တဲ့အတွက် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ အယူအဆပေါင်းစုံ သဟဇာတဖြစ်ဖြစ် နေထိုင်နိုင်တဲ့ မိမိတို့ရဲ့ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ပိုင်ဆိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ယနေ့မိမိတို့ လျှောက်လှမ်းနေတဲ့ လမ်းကြောင်းကိုကြည့်မယ်ဆိုရင် ပိုမိုပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နေတာဖြစ်တဲ့အတွက် ရှေ့မှာ ကြုံတွေ့ရမယ့် အခက်အခဲ အကျပ်အတည်းနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားတဲ့အခါမှာ အမျိုးသားစည်းလုံးညီညွတ်မှုကို အခြေခံတဲ့ စာနာမှုများ၊ ထိန်းညှိမှုများ၊ ညှိနှိုင်းမှုများနဲ့ ပိုမိုကောင်းမွန်အောင် တည်ဆောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ ဒီမိုကရေစီတည်ဆောက်ရေးကို လက်တွဲချီတက်ခဲ့ကြတာ နှစ်နှစ်ကျော်ခဲ့ပါပြီ။ ဒီကာလအတွင်းမှာ မျှော်မှန်းမထားနိုင်တဲ့ အောင်မြင်မှုတွေကို တက်လှမ်းနိုင်ခဲ့သလို မျှော်လင့်မထားခဲ့တဲ့ ဝမ်းနည်းတုန်လှုပ်ဖွယ်ရာကိစ္စရပ်တွေလည်း ကျွန်တော်တို့ လူ့အဖွဲ့အစည်းအနေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒီရေရှည်တည်ဆောက်ရမယ့် ဒီမိုကရေစီခရီးရှည်ကြီးမှာ အခုရရှိထားတဲ့ အောင်မြင်မှုတွေကို ထိန်းသိမ်းပြီး နစ်နာဆုံးရှုံးမှုတွေကို သင်ခန်းစာယူကာ အနာဂတ်မှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားဖို့ ပြင်ဆင်ထားကြရမှာဖြစ်ပါတယ်။ ပြင်ဆင်တယ်ဆိုရာမှာလည်း မိမိတို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေနဲ့ စိတ်ရှည်မှု၊ သည်းခံမှု၊ ဇွဲရှိမှုတွေနဲ့ အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

မိမိတို့ ကြိုးပမ်းတည်ဆောက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးအပြောင်းအလဲများအောင်မြင်ဖို့အတွက် မြန်မာ့ရိုးရာသင်္ကြန်၏ အနှစ်သာရဖြစ်တဲ့ မေတ္တာတရားကိုအခြေခံတဲ့ အေးချမ်းတည်ငြိမ်မှုကို အခိုင်အမာ တည်ဆောက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အတာရေသဘင်ပက်ဖျန်းတဲ့ နှစ်သစ်ကူးအတာသင်္ကြန်ကာလမှာ မိဘပြည်သူများ စိတ်နှလုံးအေးချမ်းသာယာစွာရှိကြစေဖို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပြီးခဲ့တဲ့နှစ်ဟောင်းကဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခများအပေါ် လူမျိုးရေး၊ ဘာသာရေး ပုံဖော်လိုတဲ့ ပြည်တွင်းပြည်ပမှ အကြမ်းဖက်အဖျက်လုပ်ရပ်များကိုလည်း ဤသင်္ကြန်ကာလမှာ သတိထားကာကွယ်သွားကြပါရန် တိုက်တွန်းအပ်ပါတယ်။

မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေ။

၁၃၇၄ ခုနှစ် နေပြည်တော်မဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၃

မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန် ပွဲတော်သည် မြန်မာသက္ကရာဇ် နှစ်တစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်စတန်ခူးလ၏ ပူပြင်းသောနွေရာသီဒဏ်ကို ခံနိုင်ရန်၊ အေးချမ်းမှုကိုပေးစေရန်၊ နှစ်ဟောင်းက အညစ်အကြေးများ ကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့ ပါမလာစေရန်ရည်ရွယ်၍ ရေစင်သွန်းလောင်းခြင်းဖြစ်သည်နှင့် အညီ နှစ်ဟောင်းကမတော်တဆပြုမိခဲ့ကြသည့်အမှားအယွင်းများ၊ မကောင်းမှုများနှင့် အာဃာတများကို ကြည်လင်အေးမြသည့် သီတာရေစင်ဖြင့် တစ်ဦးကို တစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြော သင်ပုန်းချေကြပြီး တစ်ဦး၏အပြစ်ကို တစ်ဦးကခွင့်လွှတ်ကာ ပျော်ရွှင်စွာ ရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခု ဖြစ်သည်။

နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ရေကစားရာတွင်လည်း အစဉ်အလာအရ ငွေဖလားတွင် အမွှေးနံ့သာရည်ထည့်ပြီး သပြေခက်ဖြင့် ရေပက်သော မြန်မာ့ဓလေ့ကို မြင်တွေ့ရခြင်းမှာ ကြည်နူးစရာပင်ဖြစ်သည်။**စာမျက်နှာ ၅ ကော်လံ ၃ သို့**

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်ကူးမင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလားတိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်စုစ်ရေး

ကြေးမုံစာတည်းရှုထောင့် ၁၄-၄-၂၀၁၃ [တနင်္ဂနွေနေ့]

သင်္ကြန်မိုး

ယနေ့သည် ၁၃၇၄ ခုနှစ် တန်ခူးလဆန်း ၄ ရက် မဟာသင်္ကြန် အကျနေ့ ဖြစ်သည်။

ယနေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြန်မာတို့၏ ယဉ်ကျေးမှုထုံးစံ ရိုးရာယဉ်ကျေးမှု အတာသင်္ကြန် ရေသဘင်ပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြပြီဖြစ်သည်။

ယခုနှစ်သည် ယခင်နှစ်နှင့်မတူ တစ်မူထူးကဲသည့် နှစ်တစ်နှစ်ဟုလည်း ဆိုရမည်ဖြစ်သည်။ အတာသင်္ကြန်ပွဲတော်ကာလတွင် လက်ရှိအနေအထားများအရ မြန်မာတို့အနေဖြင့် သတိပြု ဆင်နွှဲကြဖို့ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ယခုနှစ်တွင် နိုင်ငံအတွင်း မတည်ငြိမ်မှုများနှင့် ကြုံတွေ့ခဲ့ရခြင်းနှင့် ယခုနွေရာသီကာလမှာလည်း ထူးထူးကဲကဲ အပူရှိန် ပြင်းကာ လူတို့ကိုဘေးဥပဒ်ဖြစ်စေမည့် ခရမ်းလွန်ရောင်ခြည်ဟုဆိုသော ရောင်စဉ်လှိုင်းတို့က လူတို့ကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။

တည်ငြိမ်အေးချမ်းမှုအတွက် သက်ဆိုင်ရာတို့က အဘက်ဘက်က ကြိုတင်စီမံပြင်ဆင် ဆောင်ရွက်ထားကြသဖြင့် စိတ်အေးရသော်လည်း လူတို့အနေဖြင့် မည်သို့မျှမလွန်ဆန်နိုင်သော သဘာဝတရားဖြစ်သည့် ရာသီဥတုဒဏ်ကိုမူ အထူးသတိပြုဆင်ခြင် နေထိုင်ကြရမည်ဖြစ်သည်။

မြန်မာတို့၏ သဘောသဘာဝမှာ အမှုမဲ့အမှတ်မဲ့ နေထိုင်တတ်ကြပြီး အန္တရာယ်ရှိသည်ဟု သက်ဆိုင်ရာက မပြတ်သတိပေးနေသော်လည်း မိမိတို့၏ အမူကိစ္စတို့ကိုသာ ဦးစားပေးတတ်သဖြင့် မဖြစ်သင့်မဖြစ်ထိုက်သည့် ကျန်းမာရေးနှင့် လူ့အသက်အန္တရာယ်ကို ထိခိုက်စေသည့် အနေအထားများကို မြင်တွေ့နေရပေသည်။

ထို့ကြောင့် သင်္ကြန်မိုးကို မျှော်ကြ၊ သင်္ကြန်မိုးကို ခေါ်ကြရမလိုဖြစ်သည်။ အမှန်တကယ်မူ ဧပြီလသည် ပူပြင်းသောလသာဖြစ်ပြီး ပုံမှန်အားဖြင့် မိုးရွာသွန်းလေ့မရှိချေ။ သို့သော် သင်္ကြန်၏အစဉ်အလာဖြစ်သည့် သင်္ကြန်မိုးလေးတော့ အနည်းငယ်ရွာသွန်းလေ့ရှိသည်။

ယနေ့အချိန်အထိ မိုးရွာသွန်းမည့် အရိပ်လက္ခဏာမရှိဘဲ မြန်မာပြည် တောင်ပိုင်းဒေသများတွင်သာ ထိုင်းပင်လယ်ကွေ့၏ လေထုမငြိမ်မသက်မှုကြောင့် မိုးရွာသွန်းသည်ကို တွေ့ရသည်။ ယခုလတွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသ ပညာရှင်တို့က ဆိုကြသဖြင့် အကယ်၍ ထိုလေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ပါက မြန်မာပြည်အတွက် မိုးရိပ်မိုးငွေ့ ရနိုင်ပေသည်။

မြန်မာနိုင်ငံ၏ နှစ်အလိုက် အစဉ်အလာများအရ ယခင် ၂၀၀၈၊ ၂၀၁၀ ခုနှစ်များက ယခုလမျိုးတွင် မိုးရွာသွန်းခဲ့သည်ကို ကြုံတွေ့ခဲ့ရသည်။ ၂၀၀၈ ခုနှစ် ဧပြီလက မိုးရွာသွန်းခဲ့ရုံသာမက မေလ ၂ ရက်နေ့ကမူ အင်အားပြင်းသည့် နာဂစ်မုန်တိုင်းကြီးပင် ကြုံတွေ့လိုက်ရသေးသည်။

ယခု တန်ခူးလတွင် မိုးရွာသွန်းနိုင်သည်ဟု ဟောကိန်းထုတ်ထားရာ အပူဒဏ်သက်သာစေမည့် ကောင်းကျိုးနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းသောကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကိုလည်း သတိပြုကြဖို့ လိုမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာပြည်အလယ်ပိုင်းအတွက် မျှော်လင့်နေသော သင်္ကြန်မိုး ရွာသွန်းခြင်းမရှိသေးဘဲ မမျှော်လင့်လိုသော အင်အားအနည်းငယ်ရှိသည့် လေျှင်ငယ်များ မကြာခဏ လှုပ်ခတ်နေသည်ကို တွေ့ရပေသည်။

မျှော်လင့်နေသော သင်္ကြန်မိုးမှာမူ အပူဒဏ်ကို ဆိုးရွားစွာမခံစားရသည့် မြန်မာပြည်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် ရွာသွန်းဖြိုးခဲ့သဖြင့် မိုးကို မျှော်သည့် မြန်မာပြည်အလယ်ပိုင်းအတွက် မျှော်တလင့်လင့်ဖြင့် ပူပန်ရင်မောရပါသည်။

မည်သို့ပင်ဖြစ်စေ ခရမ်းလွန်ရောင်ခြည်ကို ကြောက်လို့ဖြစ်ဖြစ်၊ အပူဒဏ်ကိုသက်သာစေလို၍ဖြစ်ဖြစ် သင်္ကြန်မိုးကိုဖြင့် ပြည်သူအားလုံး မျှော်လင့်ကြမည်မှာအမှန်ပါ။ ။

ဖတ်စရာ မှတ်စရာ

ခင်မောင်ဌေး(ပညာရေး)

အဓိပ္ပာယ်ရှိသော သင်္ကြန်

ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားသည့် ရှေးခေတ်မင်းတို့ထုတ်ပြန်လေ့ရှိသည့် သင်္ကြန်အမိန့်တော်ပြန်တမ်းတစ်ရပ်ကို ဖတ်ဖူးသည်။

'သင်္ကြန်ခါတော်ကြားသည်နှင့် တစ်ပြိုင်နက် ရွှေမြို့တော်ရှေ့မျက်နှာဦးထိပ်တံခါးတော်မှစ၍ တစ်ဆယ့်နှစ်ရပ်တံခါးတော်ကုန်လက်ယာရစ်အစဉ်အတိုင်း အခါတော်ကြား အမြောက်သံ သုံးချက်စီပေးရသည်။ ပြည်သူတို့မှာလည်း အခါသုံးရက်အတွင်း အစဉ်ထုံးစံရှိသည့်အတိုင်း ရေဖျန်းပက်ရန်ရှိသည်မှာ နံနက်၊ ညနေအချိန်တွင် ရေကြည်ရေအေး၊ အမွှေးအထုံအရည်များနှင့်သာ ဖျန်းပက်စေရမည့်အကြောင်းကို မြို့တွင်းမြို့ပြင်ရပ်စု ကွက်စုများမှာ သင်္ကြန်မကျမီက မောင်းကြေးနင်းခတ်စေရမည်”ဟူ၍ မြန်မာတို့၏ သင်္ကြန်အခါတော်သည် နှစ်သစ်ကူးပြောင်းခြင်း(အတာကူးခြင်း)အမှတ်သင်္ကေတ တစ်ခုပင်ဖြစ်သည်။ တစ်နှစ်လုံးတင်ရှိခဲ့သမျှ မကောင်းမှု အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ခြင်းအမှုပြုခြင်းလည်းမည်၏။ အတာရေ၏ အေးမြကြည်လင် သန့်ရှင်းမှုနှင့်အတူ နှစ်သစ်ကိုကြိုဆိုကြသည်ဖြစ်ရာ လူကြီးလူငယ်မရွေး အရွယ်စုံပျော်ရွှင်မြူးထူးကြသည့်အခါသမယလည်း ဖြစ်ပါသည်။

ရှေးခေတ် သင်္ကြန်ရေပက်ကစားကြပုံကား ယဉ်ကျေးသိမ်မွေ့လွန်းလှပါသည်။ အကြမ်းပတမ်းစိုအောင်ရွှဲအောင် ရုပ်ပျက်ဆင်းပျက်ပက်ခဲ့ကြသည်ဟူ၍ မရှိ။ သပြေခက်၊ ပိတောက်ခက်တို့နှင့်ငွေဖလားနှင့်။ သို့သော်လည်း မိဖုရားစောလုံကိုချစ်လွန်း၍ ကျီစယ်လိုကာ ရေဖျန်းကစားရာ မျက်စိမျက်နှာဦးဆံတို့ကို ရွှဲရွှဲစိုအောင်ပက်ခိုင်းမိ၍ မိဖုရားစိတ်နှလုံးနာ၍ စောမောက်ကို စားတော်ဆက်ခိုင်း၏။ စားအုံ့မူးမူးတွင်အောက်ကခွေးချေ၍ ချကျွေးရာ ခွေးသေလေ၏။ မိဖုရားစောလုံသံကျင်စင်တွင် ကွပ်မျက်ခံခဲ့ရသည့် သမိုင်းဒဏ်ရာဟောင်းကလည်း ရင်နာစရာပေလော။ အချစ်ကြီး၍ အမျက်ကြီးခြင်းပေလော။ အလွန်အကျွံရေပက်ဖျန်းခြင်း၏ သံဝေဂရဖွယ်အတိတ်က သင်္ကြန်ပုံရိပ်တစ်ခုပေလော။

ရှေးယခင်အစဉ်အဆက်သင်္ကြန်ပွဲများသည် မြန်မာ့ရိုးရာဟန်မပျက် သင်္ကြန်သံချပ်များ၊ အကအလှယိမ်းအဖွဲ့များ၊ ယဉ်ကျေးပျူငှာစွာ ရေပက်ကစားခြင်းများဖြင့် ဂုဏ်ယူဖွယ်ဖြစ်ခဲ့၏။ လူကြီးသူမများအား ကိုယ်လက်သန့်စင်ပေးခြင်းဖြင့် ဂါရဝတရား အလေးအမြတ်ထားခဲ့၏။ တိရစ္ဆာန်များ ဘေးမဲ့ပေးခြင်းဖြင့် ကုသိုလ်ယူခဲ့၏။ ဆရာဇော်ဂျီ၏ “တစ်ခုသော သင်္ကြန်ခါ” ကဗျာသည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်စစ်စစ်အရသာတို့ဖြင့် ပြည့်ဘိ၏။

မြန်မာ့သင်္ကြန်၏ အထင်ကရအမှတ်သင်္ကေတတစ်ခုမှာ သင်္ကြန်သံချပ်များပင် ဖြစ်သည်။ သံချပ်အစ 'မိုးလေ' ကဆိုသည့်အတိုင်း ရှေးအခါက သံချပ်များသည် လူမှုဝန်းကျင်၊ သဘာဝစရိုက်တို့၏ အလှအပများကို တင်စားခဲ့ကြ၏။ “ဖန်ပြာခွက်နဲ့ကျောက်စက်ရေ အမောပြေအောင် တိုက်ပါမယ်”၊ “ဝက်သားတုံးကြီး ဒူးလောက် ပေါင်လောက် သူများစားတာမြင်ဖူးပါရဲ့” စသည့် သံချပ်များမှာ လူကြိုက်များခဲ့သည်။ ယခုအခါ သင်္ကြန်သံချပ်များ ပြန်လည်နားဆင်ခွင့်ရကြပြီဖြစ်သည်။ စင်စစ် သင်္ကြန်သံချပ်များသည် တိုင်းပြည်တည်ဆောက်ရေးတွင် အလွန်အရေးပါလှသည်။ နှစ်တစ်နှစ်အတွင်း တွေ့ကြုံဖြစ်ပျက်ခဲ့သည့် အားနည်းချက်၊ အားသာချက်များ၊ ဝေဖန်အကြံပြုချက်များမှာ မှတ်သားဖွယ်ရာပင်။ ယင်းဝေဖန်အကြံပြုချက်များသည် ပြည်သူ့အသံ၊ပြည်သူ့ဆန္ဒများပင် ဖြစ်ပါသည်။ အပြုသဘောဝေဖန်အကြံပြုချက်များအား ကြိုဆိုရမည်ဖြစ်ပါသည်။

ယခုနှစ်အနည်းငယ်အတွင်း မဟာသင်္ကြန်ပွဲတော်များ ကျင်းပလာသည်မှာ လွတ်လပ်ပွင့်လင်းသော ခေတ်၏ ပုံရိပ်များကို အထူးသဖြင့် မြို့ကြီးပြကြီးများတွင် မြင်တွေ့နေရပြီဖြစ်သည်။ သင်္ကြန်မတိုင်မီကပင် သင်္ကြန်မဏ္ဍပ်ကြီးများကို တွေ့မြင်ကြရ၏။ နားကွဲလုမတတ် အသံချဲ့စက်၊ ဆောင်းဘောက်များဖြင့် အနောက်တိုင်း တေးဂီတသီချင်းများ၊ မြန်မာပြည်ဖွားအနောက်တိုင်း သံစဉ်များဖြင့် ဖျော်ဖြေဝတ်စားတင်ဆက်မှု ပုံစံများကား မြန်မာ့ရိုးရာ အတာသင်္ကြန်အား လှောင်ပြောင်နေသည့်အလား ရှိ၏။ အထူးသဖြင့် ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ အရုပ်ဆိုး အကျည်းတန်လွန်းလှသောပုံရိပ်များမှာ ဂျာနယ်စာစောင်များမှအစ အင်တာနက် ဖေ့စ်ဘုတ်အဆုံး မြင်မကောင်း ရှုမကောင်းလှ။ နေကပူပူ ရေကရွှဲရွှဲတွင် အကဲပိုနေသည့် စုံတွဲများ၊ ဘီယာအရက်သောက်သူက များများ၊ ဆိုဂျူးသောက်ကြသည့် မိန်းကလေးအချို့ဆိုလျှင် ထိန်းမနိုင်သိမ်းမရ။ ထို့အတူ နေပူကျဲကျဲတွင် တစ်နေကုန်မနားတမ်း အပျော်ကြူးကြသူများလည်းရှိ၏။ ရေပက်ကစားခြင်းမှာ ပူလောင်လွန်းလှသည့် တန်ခူးနေမှ အေးမြမှုရရှိစေရန်ဖြစ်သည်။ ယခုအခါ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်း ဘီအဆင့်သို့ရောက်ရှိနေရာ အရေပြားလောင်ခြင်း၊ ပျက်စီးခြင်းနှင့် အရေပြားကင်ဆာအထိ ဖြစ်နိုင်ကြောင်း ထုတ်ပြန်ကြေညာထားရာ အထူးဂရုပြုရှောင်ရှားရန် လိုပေသည်။

ထို့ကြောင့် ခေတ်သစ်သင်္ကြန်ကား အပျော်ကြူးသည့် လတန်ခူးသင်္ကြန်၊ အရူးအမူးပေါ်သည့် သင်္ကြန်၊ ဝတ်စားဆင်ယင်မှု အလန်အပျံများဖြင့် လွတ်ချင်တိုင်းလွတ် လပ်ချင်တိုင်းလပ်နေသည့် သင်္ကြန်၊ ရိုးရာပျက်နေသည့်သင်္ကြန်၊ ခေတ်လွန်သင်္ကြန်၊ ရေဖြုန်းတီးသည့်သင်္ကြန် စသည်ဖြင့် သင်္ကြန်၏ ပုံရိပ်ကား မလှမပ။ စင်စစ်မြန်မာ့ယဉ်ကျေးမှု အတာသင်္ကြန်ကား ကြည်နူးရွှင်ပျဖွယ်ကောင်း၏။ မြတ်နိုးနှစ်လိုဖွယ်ရာရှိ၏။ လွမ်းမောဖွယ်ရာကောင်း၏။ မြန်မာတို့၏ နှစ်သစ်ကူးအတာသင်္ကြန်ကို မြန်မာတို့ကသာ ထိန်းသိမ်းသွားကြရမည်ဖြစ်ရာ ချစ်စရာ့အတာသင်္ကြန်၊ ယဉ်ကျေးမှုနှင့်အညီ ခေတ်မီသော သင်္ကြန်၊ ပြည်သူ့ဆန္ဒများ ထင်ဟပ်နေသည့် အဓိပ္ပာယ်ရှိသောသင်္ကြန်အဖြစ် မြင်တွေ့ရလိုပါကြောင်း။ ။



မြောင်မြို့နယ် မင်းတန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မင်းတန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် မြင့်မြတ်ပညာရတနာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ တာဝန်ရှိသူတို့က အထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်နှင့် ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘူးကိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကိုးဆယ်ဆ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူတို့က ကျောင်းမှူးဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းတစ်စုံ၊ (၃၂)လက်မ LCD တီဗွီနှင့် ကျောင်းသုံးဗလာစာအုပ်၊ အားကစားပစ္စည်းများ၊ အလှူရှင် ရွှေသံလွင်ကုမ္ပဏီ လီမိတက်မန်နေဂျင်းဒါရိုက်တာ သီဟသုမေ့သီဂီ ဒေါ်စန္ဒာဝင်းက ကျေးရွာဖွံ့ဖြိုးရေးအတွက် Sky Net ရုပ်သံဖမ်းစက်များ၊ ကျောင်းဝတ်စုံများ၊ ဘူးကိုင်း-ကျောက်ရစ်ချောင်းကူးတံတား တည်ဆောက်ရန် ငွေကျပ် ၇၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

တန်ဖိုးနည်းဖုန်းနှင့် အထောက်အထား

ရန်ကုန် ဧပြီ ၁၃

ဧပြီ ၂၄ ရက်တွင် စတင်ရောင်းချမည့် ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဖုန်းရောင်းချရေးနှင့် ပတ်သက်၍ ရန်ကုန်မြို့ မြို့နယ်များရှိ ရပ်ကွက်များတွင် ပြည်သူများသို့ အသိပေးကြေညာမှုများ ပြုလုပ်ထားကြောင်း သိရသည်။

ရပ်ကွက်အတွင်းရှိ ပြည်သူများ အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ရပ်ကွက်အတွင်း နေထိုင်ကြောင်း သန်းခေါင်စာရင်း (သို့မဟုတ်) ယာယီသန်းခေါင်စာရင်း (သို့မဟုတ်)ရက်ရှည်ဧည့်စာရင်း အထောက်အထားမိတ္တူများနှင့်အတူ ဧပြီ ၂၂ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့အတွက် လုပ်ကိုင်ရာဌာနအလိုက် ဆက်သွယ်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာထားသည်။

အများပြည်သူ လွယ်လင့်တကူ ဝယ်ယူအသုံးပြုနိုင်ရန် ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဖုန်းများကို လစဉ်အလုံးရေ သုံးသိန်းခွဲနှုန်းဖြင့် စုစုပေါင်းအလုံးရေ ရှစ်သန်းထိ ရောင်းချပေးသွားမည်ဟု သက်ဆိုင်ရာမှထုတ်ပြန်ချက်အရ သိရသည်။

အများပြည်သူတယ်လီဖုန်းသုံးစွဲနှုန်း မြင့်မားလာသည်နှင့်အမျှ ပြည်သူများ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရန်မလိုဘဲ ဆက်သွယ်လုပ်ကိုင်နိုင်သဖြင့် ယနေ့ကြုံတွေ့နေရသော ယာဉ်ပိတ်ဆို့မှု လျော့ပါးရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးရာရောက်သည်ဟု ပြည်သူများက ဆိုကြသည်။

(မောင်စေအောင်)

(၉)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)ကောင်စီ အစည်းအဝေးသို့ မြန်မာနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

နေပြည်တော် ဧပြီ ၁၃

(၉)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ)ကောင်စီ အစည်းအဝေးကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ The International Convention Center (ICC)၌ ဧပြီ ၁၀ ရက်တွင် ကျင်းပရာ(ယာပုံ) အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)ကောင်စီ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်တို့တက်ရောက်ပြီး မြန်မာနိုင်ငံမှ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)ကောင်စီဝင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အေအီးစီအခြေပြမြေပုံအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များဖြစ်သည့် ကုန်စည်ကုန်သွယ်ရေးတွင် သွင်းကုန်ပို့ကုန်စစ်ဆေးမှုများ လျင်မြန်စေမည့် အမျိုးသား ပြတင်းတစ်ပေါက်စနစ် (National Single Window)နှင့် အာဆီယံပြတင်းပေါက် (ASEAN Single Window) စနစ် ထူထောင်ရေး၊ အကောက်ခွန်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ၊ ဝန်ဆောင်မှုကုန်သွယ်ရေးတွင် အာဆီယံနိုင်ငံအချင်းချင်း လုပ်ကိုင်ခွင့်ပြုမည့် လုပ်ငန်းများ၊ လူပုဂ္ဂိုလ်များရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အာဆီယံသဘောတူစာချုပ်အရ ခွင့်ပြုမည့် လုပ်ငန်းဆိုင်ရာကိစ္စ၊ အာဆီယံဒေသတွင်း သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သည့် လုပ်ငန်းများ၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှုလုပ်ငန်းများ ခိုင်မာအောင် ဆောင်ရွက်ရေး၊ အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအကြား ပေါင်းစပ်ဆက်သွယ်မှု တိုးမြှင့်ရေး၊ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အစီရင်ခံစာအား အတည်ပြုရေးတို့ကို ဆွေးနွေး ဆုံးဖြတ်ကြသည်။ ထို့အပြင် အာဆီယံဒေသတွင်း သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှု ခိုင်မာရေးအတွက် လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အေအီးစီအောင်မြင်စွာဖြစ်ပေါ်လာရေးအတွက်လည်းကောင်း၊ အာဆီယံအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးရန်ပုံငွေကို ထိရောက်စွာ အသုံးပြုရေးကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံပြတင်းတစ်ပေါက်ထူထောင်ရေးတွင် ပါဝင်နိုင်ရန် အမျိုးသားပြတင်းတစ်ပေါက်စနစ် ထူထောင်ရေးအတွက် ကနဦး ဆောင်ရွက်လျက်ရှိသည့် e-customs အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံပေါင်းစပ် ဆက်သွယ်ရေးကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင်း ဖြတ်သန်းသည့် အာဆီယံအဝေးပြေးလမ်းမများအား အဆင့်အတန်းနှင့်အရည်အသွေး သတ်မှတ်ချက်နှင့်အညီ အချိန်မီပြီးစီးနိုင်ရေးကိစ္စရပ်တို့ကို ဆွေးနွေးခဲ့သည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၃ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်နေသည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံရာတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် ၎င်းတို့ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ အတွေ့အကြုံများကို ဆွေးနွေးပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရန်အတွက် ကြိုတင်ဆောင်ရွက်ထားမှုတို့ကို ဆွေးနွေးခဲ့ကြသည်။

ဧပြီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသည့် အာဆီယံပူးပေါင်းဆောင်ရွက်မှုကော်မတီလုပ်ငန်းအဖွဲ့ ကြိုတင်ညှိနှိုင်းအစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးအတွက် အဆင့်မြင့် အရာရှိများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးများသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းလင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

နှစ်သစ်ကူးပိတ်ရက်များနှင့်အတူ ရောင်းသူဝယ်သူများဖြင့် စည်ကားနေသည့် သီရိမင်္ဂလာဈေး

ရန်ကုန် ဧပြီ ၁၃

မြန်မာနှစ်သစ်ကူးပွဲတော်ရုံးပိတ်ရက်များနှင့်အတူ ရောင်းသူဝယ်သူများဖြင့် တိုးမပေါက်အောင်စည်ကား ရောင်းဝယ်နေသည်ကို ရန်ကုန်မြို့ လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၌ ဧပြီ ၁၂ ရက် နံနက်က မြင်တွေ့ရသည်။**(အောက်ယာပုံ)**

လက်ကားရောင်းချသော အရောင်းဆိုင်များသို့ ရပ်ကွက်/မြို့နယ် အသီးသီးရှိ လက်လီဈေးကွက်များအတွင်းသို့ပြန်လည်ရောင်းချမည့်သူများ၊ သင်္ကြန်ရက်အတွက် ကြိုတင်ဝယ်ယူထားသူများ၊ သင်္ကြန်ရက်အတွင်း အလှူအတန်းလုပ်ရန် စီစဉ်ဝယ်ယူကြသူများဖြင့် စည်ကားနေခြင်းဖြစ်သည်။ ယခင်က နံနက် ၃ နာရီခွဲမှ နံနက် ၅ နာရီခန့်အထိသာ အရောင်းအဝယ်သွက်ပြီး နံနက် ၆ နာရီခန့်တွင် ဝယ်သူနည်းသွားသော်လည်း ဧပြီ ၁၂ ရက်က နံနက် ၇ နာရီခန့်အထိ ရောင်းသူဝယ်သူများဖြင့် စည်ကားနေဆဲဖြစ်သည်ကို တွေ့ရသည်။

ကုန်စိမ်းဈေးကွက်တွင် ရာသီစာသရက်သီးများ ဝင်ရောက်လာပြီး အလှူပွဲများတွင် သရက်ချဉ်သုပ်ရန် စီစဉ်ရောင်းချမှုများလည်း ရှိသကဲ့သို့ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ ပဲသီး၊ ဘူးသီး၊ သခွားသီး၊ ဒန့်သလွန်သီး၊ ငရုတ်သီးစိမ်း၊ ပြောင်းဖူးစသော ဆိုင်များတွင်လည်း ဝယ်ယူသူများဖြင့် စည်ကားနေပြီး ပွဲလမ်းသဘင်အတွက် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းတို့မှ ကုန်ကားကြီးများဖြင့် ဝင်ရောက်လာသော ပန်းများကလည်း အမျိုးစုံကာ ဘုရားပန်းတင်လှူပူဇော်လိုသူများအတွက် နှစ်သက်ရာ ရွေးချယ်၍ မကုန်နိုင်အောင် ဖြစ်နေသည်။ အရောင်အသွေးနှင့် အပွင့်အရွယ်အစားပေါ်မူတည်၍ ဂန္ဓမာပန်းများမှာ တစ်စည်းလျှင် ငွေကျပ် ၇၀၀ မှ ငွေကျပ် ၁၅၀၀ အထိ လည်းကောင်း၊ နှင်းဆီပန်း၊ သစ်ခွပန်း၊ သစ္စာပန်း၊ ဒေလီယာခေါင်းကြီး၊ မေမြို့ပန်း စသည်တို့အပြင် ရောင်းချသည့်ဆိုင်ကပင် အမျိုးအမည်မသိသော ပန်းများက အရောင်အသွေးစုံလင်လှပကာ ဈေးနှုန်းမှာ အမျိုးမျိုးဖြစ်ပြီး တစ်စည်းလျှင် ငွေကျပ် ၂၇၀၀ မှ ငွေကျပ် ၃၀၀၀ လောက်အထိ ဈေးရှိသော ပန်းများကလည်း ဝင့်ကြွားစွာနေရာယူထားသလို ပန်းများ၏လှပမှုကြောင့် ဝယ်သူပင်ဗျာများကာ ရွေးချယ်ရန် ခက်ခဲစေသည်ဟု သိရသည်။

"ဒီနေ့ကတော့ ရောင်းတဲ့သူတွေလည်း ဈေးလျှော့ပြီးရောင်းပေးလိုက်ရတာတွေ ရှိတယ်။ နောက်ရက်တွေကျတော့ ဥပုသ်စောင့်တာနဲ့ သင်္ကြန်ပွဲတော်လည်ပတ်တာတွေနဲ့ဆိုတော့ ဆိုင်တွေအခုလို အများကြီးထွက်မှာ မဟုတ်တော့ဘူး၊ အဲဒါကြောင့်လည်း လက်ထဲမှာရှိနေတဲ့ဟာကို ဒီနေ့ကုန်အောင် တွန်းရောင်းရတာတွေလည်းရှိပါတယ်"ဟု ကုန်စိမ်းဆိုင်ရှင်တစ်ဦးက ပြောသည်။ ထိုဈေးရုံအတွင်းရှိ သစ်သီးဒိုင်များတွင်လည်း ဘုရားတင်လှူပူဇော်ရန် သစ်သီးဝယ်သူများရှိနေပြီး ပေါ်ဦးပေါ်ဖျား ထောပတ်သီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ အထိ ဈေးရှိနေကြောင်း၊ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ စပျစ်သီး၊ ဆီးသီး၊ နာနတ်သီး စသည်တို့ကိုလည်း နှစ်သက်စွာ ဝယ်ယူသူများရှိပြီး ဈေးနှုန်းအမျိုးမျိုး ရှိကြသလို မြန်မာနိုင်ငံအလယ်ပိုင်းမှ ဝင်ရောက်လာသော ရေစိမ်စားရသည့် ဆီးသီးခြောက်များမှာ နို့ဆီဘူးများ ပြည်တောင်းများဖြင့်ခြင်ကာ ရောင်းဝယ်နေကြကြောင်း သိရသည်။

ဈေးဝယ်လာသူများနှင့် ဈေးဝယ်ပြန်သူများကြားတွင် ကုန်စိမ်းများတင်ဆောင်ပို့ပေးနေသော ဂါလီ၊ လက်တွန်းလှည်း၊ အထမ်းသမားများလည်း အလုပ်ဖြစ်နေပြီး လူအုပ်ကြားမှ မတိုက်မိအောင်ပင် တိုးဝှေ့သွားလာနေရကြောင်း သိရသည်။ ထိုသို့ ရောင်းဝယ်သူများဖြင့် စည်ကားကာ အလုပ်ဖြစ်နေသည့်ကြားတွင် ဈေးဝယ်သောပစ္စည်းများထည့်ရန် အိတ်ရောင်းချသူများရှိပြီး အိတ်များ ချည်နှောင်ပေးခြင်းကို လည်းကောင်း၊ ဝယ်ယူသောကုန်ပစ္စည်းများ ပခုံးပေါ် ထမ်းတင်ပေးခြင်းကို လည်းကောင်း ငွေကျပ် ၁၀၀ မှ ၂၀၀ ကြား မုန့်ဖိုးအဖြစ် တောင်းခံသူများလည်း အလုပ်ဖြစ်နေကြသလို ကုန်စိမ်းဒိုင်အချို့ကလည်း ၎င်းတို့လုပ်ကိုင်နိုင်စေရန် အခြေအနေမျိုး ဖန်တီးပေးခြင်းများရှိကြောင်း သိရသည်။

ယခင်က နံနက် နေထွက်ချိန်တွင် ရောင်းဝယ်သူကျဲပါးသွားသော အခြေအနေမှ ယနေ့ နံနက်တွင် ခါတော်မီ ပွဲလမ်းသဘင် ရက်ရှည်ပိတ်ရက်များကြောင့် ထူးခြားစွာတိုးမပေါက်အောင် စည်ကားနေသော ရန်ကုန်မြို့မှ သီရိမင်္ဂလာဈေး၏ နံနက်ခင်းအခြေအနေကို ရေးသားလိုက်ရပါသည်။

ထက်ခိုင်(စမ်းချောင်း)

မီးသတ်ပြ

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၄-၂၀၁၃ (တနင်္ဂနွေနေ့)

၇း၀၃ တရားတော်
၇း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ မြန်မာသင်္ကြန်
၈း၁၀ မြန်မာစာမြန်မာစကား(၁၂)
၁၁း၂၉ ကာတွန်းအစီအစဉ်
-အမှန်တရားရဲ့ ရိုဘော့ဗွီ
(အပိုင်း-၈)
၁း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဒဏ်ရာများနဲ့ ချစ်သူ
(အပိုင်း-၃၈)
၅း၂၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-တိမ်လွှာထက်က ဖန်ရဲတိုက်
(အပိုင်း-၄၄)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"Behind Enemy (Colombia)"
(အပိုင်း-၂)
(ဇာတ်သိမ်း)

ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

နေပြည်တော် ဧပြီ ၁၃

တရုတ်နိုင်ငံ၌ H7N9 ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိပါသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံသို့ ၎င်းရောဂါကူးစက်မလာစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဆောင်းခိုငှက်များနှင့် အိမ်မွေး ကြက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှု မရှိရေး ဂရုပြုဆောင်ရွက်ရန်။
(၂) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။
(၃) ကြက်ငှက်မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။
(၄) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။
(၅) ကြက်ငှက်အသား၊ ဥစသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။
(၆) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။
(၇) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဧပြီ ၁၃ ရက်က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဂျွန်ကယ်ရီတို့ ဆွေးနွေးပွဲမကျင်းပမီ တွေ့ဆုံနှုတ်ဆက်ကြစဉ်။

ဒေသဆိုင်ရာတင်းမာမှုများ လျှော့ချနိုင်ရေး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကြိုးပမ်း

ပေကျင်း ဧပြီ ၁၃

ဒေသဆိုင်ရာတင်းမာမှုများ လျှော့ချနိုင်ရေးအတွက် တရုတ်နိုင်ငံခေါင်းဆောင်များက ၎င်းတို့၏ဩဇာအာဏာကို အသုံးပြုကာ မြောက်ကိုရီးယားနိုင်ငံအပေါ် ဖျောင်းဖျပေးလာစေရေး တိုက်တွန်းနိုင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် မြို့တော်ပေကျင်းသို့ ရောက်ရှိနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာကြီးသည် အရေးကြီးသော အချိန်ကာလတစ်ခုကို ဖြတ်သန်းနေရကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရာတွင် ကယ်ရီက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးပျံပစ်လွှတ်နိုင်ရန် ပြင်ဆင်နေသည်ဟု ခန့်မှန်းပြောဆိုမှုများ ပေါ်ထွက်လာချိန်တွင် ကယ်ရီက လေးရက်ကြာ အာရှခရီးစဉ်ကို စတင်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် စစ်လိုလားသည့် ကြေညာချက်များကို ထုတ်ပြန်လျက်ရှိရာ ယင်းနိုင်ငံအနေဖြင့် ဒုံးပျံပစ်လွှတ်ဖွယ်ရှိသည်ဟု ခန့်မှန်းချက်များပေါ်ထွက်လာသည်။ မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံထူထောင်သူ ကင်အီဆွန်း၏ ၁၀၁နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဧပြီ ၁၅ရက်တွင် ဒုံးပျံပစ်လွှတ်ဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။

ဂျွန်ကယ်ရီသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တရုတ်နိုင်ငံသို့ လာရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများ ရပ်ဆိုင်းသွားစေရေးအတွက် တရုတ်နိုင်ငံက ၎င်း၏ ဩဇာအာဏာကို အသုံးပြုကာ ယင်းနိုင်ငံအပေါ် ဖျောင်းဖျပေးလာစေရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းမည်ဟု မျှော်လင့်ရသည်။

တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် သမိုင်းကြောင်းအရ မဟာမိတ်နိုင်ငံများဖြစ်ကြသည်။ **ဘီဘီစီ။**

သမ္မတဟောင်းခိုးယူသွားသောငွေများ တူနီးရှားပြန်ရ

တူးနစ် ဧပြီ ၁၃

သမ္မတဟောင်း ဇိုင်းအဲလ်အဘီဒိုင်းဘင်အလီ (ယာပုံ) ခိုးယူသွားသော အမေရိကန်ဒေါ်လာ ၂၉ သန်းကို တူနီးရှား နိုင်ငံက ပြန်လည်လက်ခံရရှိခဲ့ပြီဟု ဧပြီ ၁၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ခိုးယူငွေများကို ကုလသမဂ္ဂ အခိုးခံရသောပစ္စည်းများ ပြန်လည်ရရှိရေးအဖွဲ့က ပြန်လည်ရယူခဲ့ခြင်းဖြစ်သည်ဟု တူနီးရှားအစိုးရသတင်းဌာနက ဖော်ပြသည်။

အာရပ်နွေဦးရာသီဟု လူသိများသော လူထုအုံကြွမှုပေါ်ပေါက်လာရာမှ ဘင်အလီသည် ၎င်း၏ ၂၃ နှစ်ကြာ အုပ်စိုးမှုကိုအဆုံးသတ်၍ ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံမှထွက်ပြေးခဲ့သည်။

ကုလသမဂ္ဂ၏ တာဝန်ရှိပုဂ္ဂိုလ် အလီဘင်ဖိတိုင်းအဲလ်မာရီက တူနီးရှားသမ္မတ မွန်ဆက်မာဇော့ကီလက်သို့ ဒေါ်လာ ၂၉သန်းတန်ချက်ကို ပေးအပ်ခဲ့သည်ဟု တီအေပီသတင်းဌာနက ပြောသည်။ မစ္စတာဘင်အလီ၏ဇနီး လိုင်လာထရာဆဲလ်စီပိုင်ဆိုင်သော လက်ဘနွန်ဘဏ်တစ်ခု၏ စာရင်းတွင် ၎င်းငွေများကို ထည့်ထားခဲ့သည်ဟု သတင်းများကဆိုသည်။ လူထုအုံကြွမှုဖြစ်ပွားပြီး သူမသည် ၎င်းခင်ပွန်း သမ္မတဟောင်းနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ပြေးခဲ့သည်ဟု ယုံကြည်ရသည်။ **ဘီဘီစီ။**

မက္ကဆီကိုတွင် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် လူသတ်မှု ၁၄ရာခိုင်နှုန်း ကျဆင်း

မက္ကဆီကို ဧပြီ ၁၃

၂၀၁၂ခု ဒီဇင်ဘာ ၁ ရက်တွင် မက္ကဆီကိုသမ္မတအဖြစ် အန်ရီကျူပီနာနီယေလို စတင်အာဏာရယူစဉ်ကတည်းကစ၍ မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် လူသတ်မှုများဖြစ်ပွားသည့်ပမာဏမှာ ၁၄ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း မက္ကဆီကိုအစိုးရက ပြောကြားကြောင်း ယနေ့သတင်းစာများတွင် ဖော်ပြသည်။

ယမန်နှစ် ဒီဇင်ဘာလနှင့် ယခုနှစ် ဧပြီလအကြားကာလတွင် မက္ကဆီကိုနိုင်ငံ၌ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် လူသတ်မှုအရေအတွက်သည် ယမန်နှစ်က အလားတူကာလအတွင်း ဖြစ်ပွားခဲ့သည့်အရေအတွက်နှင့်နှိုင်းယှဉ်ပါက ၁၄ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ဆိုသည်။ **ယူပီအိုင်။**

နာမည်ပျက်အရာရှိများစာရင်း ထုတ်ပြန်မည့်ကိစ္စ အမေရိကန်ကို ရုရှားသတိပေး

မော်စကို ဧပြီ ၁၃

အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် တားမြစ်ထားသော ရုရှားအရာရှိများစာရင်းကို ထုတ်ပြန်ကြေညာခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်နိုင်သည်ဟု ရုရှားက အမေရိကန်ပြည်ထောင်စုကို သတိပေးလိုက်သည်။

အဆိုပါ ရုရှားအရာရှိများသည် လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့သည်ဟု အမေရိကန်ကစွပ်စွဲ၍ ယင်းသို့ ဝင်ခွင့်ပိတ်ပင်ခြင်းဖြစ်သည်။

ထိုသို့ကြေညာခြင်းက ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေမည်ဟု သမ္မတ ဗလာဒီမာပူတင်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

၂၀၀၉ ခုနှစ်၌ ရုရှားရှေ့နေ ဆာဂျီမက်နစ်စကီသည် အကျဉ်းထောင်ထဲ၌ သေဆုံးသွားခဲ့ရခြင်းအတွက် အမေရိကန်ပြည်ထောင်စုက အရေးယူမှုပြုလုပ်ခဲ့သည်။

၎င်းရှေ့နေသေဆုံးခဲ့ရာတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲထားသော ရုရှားအရာရှိများအား နာမည်ပျက်စာရင်းထည့်သွင်းသည့် မက်နက်စကီ ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ဝါရှင်တန်က အတည်ပြုခဲ့သည်။ အဆိုပါ ရုရှားအရာရှိများ၏ နာမည်ကို လျှို့ဝှက်ထားရာမှ သောကြာနေ့တွင် လူသိရှင်ကြား ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားမိဘမဲ့ကလေးများအား အမေရိကန်တို့က မွေးစားခြင်းကို တားမြစ်သည့် ဥပဒေကို ရုရှားသမ္မတ ဗလာဒီမာပူတင်က လက်မှတ်ရေးထိုးခဲ့သည်။

မကြာသေးမီက ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက လူ့အခွင့်အရေးချိုးဖောက်သော အမေရိကန်အရာရှိများ၏ နာမည်စာရင်းကို ပြုစုထားပြီးဖြစ်သည်။ **ဘီဘီစီ။**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်

အိုဆာကာ ဧပြီ ၁၃

ဂျပန်နိုင်ငံအနောက်ပိုင်း ဟိုဂိုစီရင်စုနယ် အိုဆာကာမြို့တွင် အင်အားပြင်းငလျင်လှုပ်ရာ ၂၂ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ကျိုဒိုသတင်းဌာနက ရေးသားဖော်ပြသည်။

ဧပြီ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၃၃ မိနစ်က ငလျင်လှုပ်ကြောင်း၊ ဟိုဂိုစီရင်စုနယ်ရှိ အာဝါဂျီကျွန်းအနီး ဗဟိုပြု၍ မြေအောက် ၁၅ ကီလိုမီတာအနက်၌ လှုပ်ကြောင်း ပြင်းအား ၆ ဒသမ သုညမှ ၆ ဒသမ ၃ အဆင့်ရှိကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနက ပြောကြားသည်။

၂၂ ဦးရှိ

ငလျင်လှုပ်သောနေရာမှာ ဟိုဂိုစီရင်စုနယ် အနီးဝန်းကျင်၌ဖြစ်ပွားရာ ယင်းနေရာသို့ အထူးတာဝန်ပေးအပ်ခြင်းခံရသော ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကြောင်း၊ ဟိုဂိုစီရင်စုနယ်မှ ဒဏ်ရာရသူ ငါးဦးအပါအဝင် အိုဆာကာနှင့် အိုကာယာမမြို့တို့တွင် နံနက် ၁၁ နာရီခန့်က ဒဏ်ရာရရှိသူပေါင်း ၂၂ ဦးရှိသည်ဟု ဂျပန်နိုင်ငံ အမျိုးသားရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ၏ ခေါင်မိုးများနှင့် နံရံများပျက်စီးသည်ဟု သတင်းရရှိကြောင်း၊ သို့ရာတွင် အကြီးစားပျက်စီးမှုမရှိကြောင်း အာဝါဂျီကျွန်းမှဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောကြားချက်ကိုကိုးကား၍ သတင်း၌ ဖော်ပြသည်။ **ဆင်ဟွာ။**

ငလျင်ဘေးသင့်ဒေသတစ်ခုမှ အပျက်အစီးများနှင့် ဝမ်းနည်းကြေကွဲနေသူတစ်ဦးအား တွေ့ရစဉ်။

ဂျပန်နိုင်ငံတွင် ဆိုမာလီပင်လယ်ဓားပြဟု သံသယရှိသူအား ထောင် ၁၁ နှစ်ချ

တိုကျို ဧပြီ ၁၃

ဂျပန်ရေနံတင်သင်္ဘောတစ်စင်းအား ပြန်ပေးဆွဲရန် ကြံစည်အားထုတ်ခဲ့သည်ဟု သံသယရှိခြင်းခံရသူ အာဖရိကသားတစ်ဦးအား ဂျပန်နိုင်ငံတရားရုံးက ထောင်ဒဏ် ၁၁ နှစ်ချမှတ်လိုက်ကြောင်း ဧပြီ ၁၃ရက် သတင်းတွင် ဖော်ပြသည်။

၎င်းသည် ၂၀၁၁ ခုနှစ်က အိုမန်ကမ်းလွန်ပင်လယ်တွင် ရေနံတင်သင်္ဘောတစ်စင်းအား ပြန်ပေးဆွဲရန်ကြံစည်သူ လေးဦးအနက် တစ်ဦးဖြစ်ကြောင်း၊ ၎င်းတို့အား အမေရိကန်ရေတပ်ဖွဲ့က ဖမ်းဆီးကာ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

နိုင်ငံတကာစစ်သင်္ဘောများက ယင်းဒေသတွင် တပ်ဖြန့်ထားသည့်အတွက် မကြာမီနှစ်များအတွင်းက အာဖရိကဦးချိုဒေသတွင် ပင်လယ်ဓားပြတိုက်မှုများ လျော့နည်းကျဆင်းသွားသည်။

ဖမ်းဆီးရမိသော ပင်လယ်ဓားပြဟု သံသယရှိခြင်းခံရသူမှာ ဆိုမာလီနိုင်ငံသား အသက် ၂၁ နှစ်ရှိကြောင်း၊ ဂျပန်နိုင်ငံဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်းခံရကြောင်း၊ ၎င်းသည် မစ်ဆူရီအိုအက်စ်အေအမည်ရှိ ဂျပန်ရေနံတင်သင်္ဘောအား ပြန်ပေးဆွဲရန်ကြံစည်ကြောင်း၊ စက်သေနတ်များနှင့်အတူ ဖမ်းဆီးရမိကြောင်း၊ ၎င်း၏အမည်နာမအား ဖော်ပြမှုမရှိကြောင်း၊ ၎င်းက ဓားပြတိုက်ရန် ကြံစည်ခြင်းမဟုတ်ကြောင်း၊ ၎င်းသည် လှေတစ်စင်းပေါ်မှ အဆိုပါရေနံတင်သင်္ဘောအား အကူအညီတောင်းခံရန်ကြံစည်ခြင်းသာဖြစ်ကြောင်း ပြောကြားသော်လည်း တရားသူကြီးများက ဓားပြတိုက်ရန် ကြံစည်ခြင်းသာဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

ဓားပြလေးဦးအနက် နှစ်ဦးကို ၁၀ နှစ်ထောင်ချပြီး ကျန်တစ်ဦးအား ငါးနှစ်မှ ကိုးနှစ်ထောင်ချဖွယ်ရှိသည်ဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

အမျိုးသမီးအလောင်း သုံးနှစ်ကြာမှတွေ့ရှိ

၂၀၁၀ ခုနှစ်အတွင်းက သေဆုံးခဲ့သည်ဟု ယူဆရသော အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကို မေ ၁၁ ရက်က တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အသက် (၇၀)ကျော်အရွယ်ရှိ သေဆုံးသူအမျိုးသမီးမှာ ပြင်သစ်နိုင်ငံ တိုလူဆေးမြို့ရှိ ဖာနန်ဒီဘရိုကာတိုက်တန်းလျားတွင် ငှားရမ်းနေထိုင်သူတစ်ဦးဖြစ်ပြီး အိမ်နီးချင်းများ၏အဆိုအရ သူမသည် ဈေးဝယ်ထွက်ချိန်မှလွဲ၍ အပြင်သို့ထွက်လေ့မရှိကြောင်း၊ အခြားသူများနှင့်လည်း ရောရောနှောနှော မနေတတ်ဘဲ တစ်ယောက်တည်းသာ နေထိုင်လေ့ရှိကြောင်း သိရသည်။ မည်သည့်အကြောင်းကြောင့် သေဆုံးခဲ့ရသည်ကိုမူ ကွဲကွဲပြားပြား မသိရှိသေးသော်လည်း လွန်ခဲ့သည့်သုံးနှစ်ကတည်းက သေဆုံးခဲ့သည်မှာ သေချာကြောင်း ဆေးစစ်ချက်များအရ သိရသည်ဟုဆို၏။

ရွှေမှောင်ခိုသမား ဂျာမန်သား ဂရိလေဆိပ်၌ဖမ်းမိ

ဂရိနိုင်ငံအတွင်းမှ ရွှေအလေးချိန် တန်ဝက်ခန့်နှင့် ငွေစက္ကူများအား နိုင်ငံပြင်ပသို့ မှောင်ခိုကူးသယ်ဆောင်သည့် ဂျာမနီနိုင်ငံသားတစ်ဦးကို အေသင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မေ ၁၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ဆိုသည်။ အဆိုပါ မှောင်ခိုသမားသည် လက်ဖ်သန်စာ လေကြောင်းလိုင်းမှလေယာဉ်ကို စီးနင်းပြီး ဂျာမနီနိုင်ငံသို့ ပြန်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ရွှေနှင့် ငွေစက္ကူများကို ခရီးဆောင်အိတ်အတွင်း ငွေရောင်ဘူးများဖြင့် ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ စုစုပေါင်း တန်ကြေးမှာ ယူရိုငွေ ၂၀၀ ဘီလီယံခန့်ရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏အဆိုအရ သိရှိရပြီး ယင်းပုဂ္ဂိုလ်၏အမည်နာမကိုမူ ထုတ်ဖော်ကြေညာခြင်းမရှိခဲ့ပေ။

၂၀၅၀ တွင် အာတိတ်ရေခဲပြင်များ လုံးဝပျောက်ကွယ်သွားနိုင်ဖွယ်ရှိ

၂၀၅၀ ပြည့်နှစ် နွေရာသီကာလအတွင်း အာတိတ်ရေခဲပြင်များမှာ အလုံးစုံပျောက်ကွယ်သွားနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းရကြောင်း အမျိုးသားအဏ္ဏဝါဗေဒနှင့် လေထုလွှာထိန်းသိမ်းကွပ်ကဲရေးအေဂျင်စီမှ သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့် ဆက်နွှယ်၍ ရာသီဥတု ဖောက်ပြန်ပျက်စီးလာမှု၏ အကျိုးဆက်ကြောင့် အာတိတ်ရေခဲပြင်များ အရည်ပျော်ကျမှုနှုန်းမှာ အလွန်မြင့်မားလာလျက်ရှိနေသဖြင့် လာမည့် ၂၀၅၀ ပြည့်နှစ် နွေရာသီကာလအတွင်း အာတိတ်ရေခဲပြင်များ လုံးဝဥဿုံပျောက်ကွယ်သွားဖွယ်ရာရှိကြောင်း အဆိုပါအေဂျင်စီမှ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ မူရင်ဝမ်က ဆိုသည်။

အမေရိကန်နိုင်ငံသား ၁၈ ဦးအား ရုရှားပြည်ဝင်ခွင့်ပိတ်ပင်

ဝါရှင်တန်မှ ရုရှားနိုင်ငံသား ၁၈ ဦးအား လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့ခြင်းကို တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံက အမေရိကန်နိုင်ငံသား ၁၈ ဦးအား ပြည်ဝင်ခွင့်ပိတ်ပင်လိုက်ကြောင်း မေ ၁၃ ရက်က ကြေညာခဲ့သည်။ အဆိုပါ ၁၈ ဦးတွင် အမေရိကန်တရားရေးဌာနဝန်ထမ်းဟောင်း ဂျွန်ရူး၊ ဒုတိယသမ္မတဟောင်း ဒစ်ခ်ချိနီ၏ အကြီးအကဲအဆင့်ရှိ ဝန်ထမ်းဟောင်းဖြစ်သူ ဒေးဗစ်အက်ဒင်တန်နှင့် ဂွမ်တာနာမိုအကျဉ်းစခန်းမှ အကြီးအကဲဟောင်းများဖြစ်သည့် ဂျော့ဖရီမေလာနှင့် အဒမ်ဂျက်ဖရီ ဟာဘီဆွန်တို့ပါဝင်ကြောင်း သိရသည်။ ယင်းဥပဒေမှာ ရုရှားရှေ့နေ ဆာဂျီမက်နစ်စကီ၏ အမည်ကိုအစွဲပြု၍ မက်နစ်စကီဥပဒေဟု ခေါ်တွင်သည်ဆို၏။

ကျောင်းသို့ ကစားစရာသေနတ်ယူဆောင်လာသည့် ကျောင်းသားတစ်ဦး အဖမ်းခံရ

အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ကျောင်းသားတစ်ဦးသည် စာသင်ကျောင်းသို့ ကစားစရာသေနတ်ယူဆောင်လာမှုဖြင့် မေ ၁၂ ရက်က ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။ ဆော့ဂါတီးစ်အထက်တန်းကျောင်းမှ ဝီလီယံဂျေဟန်အမည်ရှိ အသက် (၁၈)နှစ်အရွယ် အဆိုပါကျောင်းသားအား ကျောင်းပရဝဏ်အတွင်းသို့ ကစားစရာသေနတ် ယူဆောင်လာမှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ ဟန်၏ ယင်းအမှုကို မေ ၁၇ ရက်တွင် ဆော့ဂါတီးစ်မြို့ တရားရုံး၌ ကြားနာစစ်ဆေးမည်ဖြစ်သည် ဆို၏။

ဟိန်းထက်လင်း - စုစည်းတင်ပြသည်။

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

●ရွှေဖုံးမှ

ထိုသို့သော မဟာသင်္ကြန်ပွဲတော်ကြီးကို ရှေးမြန်မာမင်းများလက်ထက်ခေတ်အဆက်ဆက်မှစပြီး မပျက်မကွက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးလည်းဖြစ်သည့်အပြင် တစ်ဆယ့်နှစ်လ ရာသီပွဲတော်များအနက်မှ အလွန်လေးနက် ထူးခြားလှသည့် အမျိုးသားရေး အနှစ်သာရများနှင့် ကျင်းပသည့် မြန်မာတစ်မျိုးသားလုံး၏ ပွဲတော်ကြီးလည်းဖြစ်သည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ယိမ်းအဖွဲ့ဝင်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းစဉ်။ (သတင်းစဉ်)

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၏ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်အကြိုနေ့ဖြစ်သည်။ ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့ မျက်နှာစာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်လုပ်ငန်းများနှင့် ကုမ္ပဏီများမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ အဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် သင်္ကြန်ပွဲဆင်နွှဲကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်မြို့တော်ဝန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗဟိုမဏ္ဍပ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

၁၃၇၅ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ကို ကြိုဆိုသောအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စောမင်းနောင်က ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ "မြူမှောင်ဝေကင်း"သီချင်းကို သီဆိုရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့၊ ဝန်ကြီးဌာနများ၊ ဟိုတယ်လုပ်ငန်းများနှင့် ကုမ္ပဏီများမှ ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့ ၂၄ ဖွဲ့တို့မှ လှပျိုဖြူလေးများ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ပြီး ကကြိုးကကွက်စုံစုံလင်လင် ညီညီညာညာကပြဖျော်ဖြေကြသည်ကို တွေ့မြင်ရသောအခါ မြန်မာယဉ်ကျေးမှု၏ ထည်ဝါမှုနှင့် မြန်မာ့ရိုးရာမဟာသင်္ကြန်၏ အနှစ်သာရများကို ခံစားတွေ့မြင်ရသည်။

ဆက်လက်၍လည်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့၊ ဝန်ကြီးဌာနများ၊ ဟိုတယ်လုပ်ငန်းများနှင့် ကုမ္ပဏီများမှ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့ ၂၄ ဖွဲ့တို့မှ လှပျိုဖြူလေးများသည် "တူးပို့ တူးပို့" "သင်္ကြန်လေညှင်းလုလင်" "သင်္ကြန်မိုး" "နွေမ" စသည့် သင်္ကြန်တေးသီချင်းများဖြင့်လည်း မြန်မာ့ရိုးရာသင်္ကြန်ကို ပေါ်လွင်အောင် ဖျော်ကျူးကပြဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ယိမ်းအဖွဲ့ဝင်လှပျိုဖြူလေးများအား ငွေဖလားတွင် အမွှေးနံ့သာရည်ထည့်ပြီး သပြေခက်ဖြင့် ရေပက်ကြသည်။

နေပြည်တော် ဗဟိုမဏ္ဍပ်၌ စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ရုပ်ရှင်သရုပ်ဆောင်များနှင့် အဆိုတော်များဖြစ်ကြသည့် သဲနုဝါက "ရွှင်လန်းချမ်းမြေ့ပါစေ" တေးသီချင်းကိုလည်းကောင်း၊ စိုးရန်အောင်က "သင်္ကြန်မိုး"တေးသီချင်းကို လည်းကောင်း၊ အနုပညာဦးစီးဌာနယိမ်းအဖွဲ့က "နွေမ" တေးသီချင်းဖြင့် လည်းကောင်း၊ တက္ကသိုလ်လဲ့လဲ့က "နှစ်သစ်ဆုတောင်း" တေးသီချင်းကိုလည်းကောင်း သီဆိုပြီး သင်္ကြန်အကများဖြင့် တွဲဖက်ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်နေချိန်တွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရွှေရင်အေး၊ ရေခဲမုန့်၊ အချိုရည်၊ အအေးတို့ဖြင့် ဒါနပြုဧည့်ခံ ကျွေးမွေးကြသည်။

(သတင်းစဉ်)

သင်္ကြန်ရေနှင့်အတူ BM ကားများ ယာဉ်စီးခအတောင်းကြမ်းနေ

(ကိုကြီးသာ)

ရန်ကုန် မေ ၁၃

သင်္ကြန်အကြိုနေ့ နံနက်စောစောရုံးလုပ်ငန်း တာဝန်ကြောင့် မြောက်ဥက္ကလာပခြောက်ကွေ့မှတ်တိုင်မှ ဆူးလေသို့ အရှေ့ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ ပြေးဆွဲနေသော အမှတ် (၁၉၂) BM ခရီးသည်တင်ယာဉ်ကို စီးခဲ့မိသည်။

ကားထွက်သည်နှင့် စပါယ်ယာလူငယ်က တစ်မှတ်တိုင်စီးလည်း ငါးရာ၊ ဆူးလေအထိစီးလည်း ငါးရာကျပ်ဟုဆို၍ ယာဉ်စီးခ လိုက်လံကောက်ယူသည်။ ခရီးသည်များက မေးကြမြန်းကြ ပြောကြဆိုကြနှင့် ကားပေါ်တွင် မကျေနပ်သံများ ဆူညံသွားသည်။

မင်္ဂလာရှိသော မဟာသင်္ကြန်အကြိုနေ့သည် ကားစပါယ်ယာလေး၏ လုပ်ရပ်ကြောင့် အကျည်းတန်စေခဲ့သည်ဟုဆိုရချေမည်။ ခရီးတိုစီးမည့် ခရီးသည်များက ယာဉ်စီးခလျှော့ယူရန် ဝိုင်းဝန်းတောင်းဆိုကြသည်။ သို့သော် စပါယ်ယာလူငယ်က နည်းနည်းမှမလိုက်လျော ငါးရာကျပ်သာ ယူသည်။

မြောက်ဥက္ကလာပမြို့နယ် သန္တာမှတ်တိုင်မှ ကမ္ဘာအေးဘုရားလမ်းအထိ စီးမည့်အမျိုးသမီးကြီးတစ်ဦးက ကားပေါ်တွင် မကျေမနပ်ဖြင့် ပြောနေသည်မှာ "အခုလိုမှတ်တိုင်အတိုစီးမယ့်သူကိုလည်း ငါးရာကျပ်တောင်းတာ အရမ်းလွန်တာပေါ့၊ ကားမဝယ်နိုင်၊ တက္ကစီမစီးနိုင်လို့ လိုင်းကားစီးပါတယ်၊ မတရားကားခတောင်းနေတယ်၊ မျှမျှတတနဲ့ တောင်းသင့်တာပေါ့၊ ဒီနေ့မှ အကြိုနေ့ပဲ ရှိသေးတယ်"ဟု ပြောနေသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက သင်္ကြန်မတိုင်မီ ရက်ပိုင်းက ယာဉ်လိုင်းများအနေဖြင့် ယာဉ်စီးခများကို သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ယူရမည်ဟု သတင်းများ ထုတ်ပြန်ထားသော်လည်း ယခုအခါ သင်္ကြန်အကြိုနေ့ နံနက်ပိုင်းမှစ၍ ယာဉ်စီးခများကို BM ကားအချို့က သတ်မှတ်နှုန်းထက် အဆမတန်ကျော်လွန်၍ တောင်းခံနေကြသည်မှာ မဖြစ်သင့်ပေ။ သက်ဆိုင်ရာများက ချက်ချင်းကွင်းဆင်း၍ စစ်ဆေးအရေးယူသင့်ပေသည်။

မြောက်ဒဂုံ- ဆူးလေ BM ကားဖြင့် တာမွေမှ ဆူးလေသို့ စီးလာသူ ခရီးသည် အမျိုးသားတစ်ဦးကလည်း "တာမွေကနေ ဆူးလေအထိ ငါးရာကျပ်ပေးခဲ့ရတယ်၊ သင်္ကြန်ရက်ပိုင်းအတွင်းမှာ တောင်းရင်တောင် လက်ခံနိုင်သေးတယ်၊ အခုက အကြိုနေ့ပဲ ရှိသေးတယ်၊ အရမ်းလွန်လွန်းပါတယ်" ဟု ပြောပြသည်။

မြောက်ဥက္ကလာပမှ ဆူးလေသို့ ပြေးဆွဲနေသော BM ယာဉ်များသည် ခြောက်ကွေ့မှတ်တိုင်မှ စတင်ထွက်ခွာပြီး ခရီးသည်ခေါ်ယူရာတွင်လည်း ငွေကျပ် မည်ရွေ့မည်မျှဆိုသည်ကို ကြိုတင်ပြောကြားခြင်းမပြုဘဲ ဆူးလေဟု ခေါ်ဆိုကြသည်။

ဆူးလေကားမှတ်တိုင်တွင် တာဝန်ကျနေသော အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ ဂိတ်မှူးများက "ကျွန်တော်တို့ဌာနက အခုပြေးဆွဲနေတဲ့ကားတွေကို ယာဉ်စီးခ ပုံမှန်အတိုင်းတောင်းခံဖို့ သတ်မှတ်ထားပါတယ်၊ ပိုယူလို့လည်း မရပါဘူး၊ သတ်မှတ်ပေးထားတဲ့အတိုင်း ခရီးသည်တွေဆီက ယူရမှာပါ၊ အခု ယာဉ်စီးခပိုတောင်းတဲ့ကိစ္စတွေကိုလည်း အထက်လူကြီးတွေဆီ တင်ပြပြီး အရေးယူဆောင်ရွက်သွားမှာပါ"ဟု ပြောပြသည်။

သင်္ကြန်ကာလအစမှာပင် ယခုကဲ့သို့ ရဲတင်းစွာ ခရီးသွားခများကို ပိုမိုတောင်းယူနေသည့်အတွက် သင်္ကြန်ကာလအတွင်း အလုပ်ဆင်း၊ အလုပ်တက်ပြည်သူများအနေဖြင့် မကျေမနပ်ဖြစ်နေကြကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

နှစ်သစ်မင်္ဂလာ မြန်မာ့ရေသဘင်ပွဲတော်မဟာ

ဦးထွန်းထွန်းဦး (သဒ္ဓမ္မဇောတိကဓဇ)

ပေါင်းရွက်ညှာ၊ ခါလုစ်လို့၊ တာသစ်ကယ်တဲ့နှံ့ကြိုင် သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော်ဝတ်မှုံကျင်း၊ သင်းပျံ့လို့လှိုင်၊ ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း၊ စိတြငယ်နှင့်၊ ငွေလသော်တာတို့၊ ယုဂန်ခြာ တောင်တော်စွန်းမှာ၊ ထွန်းထိန်လို့လင်း။

ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့တွင် တန်ခူးလနှင့်ပတ်သက်၍ အထက်ပါအတိုင်းရေးဖွဲ့ခဲ့ပါသည်။ တန်ခူးမိဿ၊ စိတြ၊ လနှင့် ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကံ့ကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွှန်းဟု ကင်းဝန်မင်းကြီးမှလည်း မှတ်တမ်းတင်ခဲ့ပါသည်။

ထို့အပြင် မြန်မာတို့၏ ဆယ့်နှစ်လရာသီ၏ အစဖြစ်သော အတာကူးသောလ(ထန်းကူးသောလ)တွင် ပုဂံခေတ်မှစ၍ သင်္ကြန်ခေါ် နှစ်သစ်ကူးပွဲတော် ကျင်းပခဲ့ကြကြောင်း ရှေးဟောင်းပုဂံကျောက်စာများအရ သိရပါသည်။

ဝေါဟာရလိနတ္ထဒီပနီကျမ်းအရ တနင်္ဂနွေဂြိုဟ်ခေါ် နေမင်းသည် မိဿရာသီ(တန်ခူးလ)မှစ၍ မိန်ရာသီ (တပေါင်းလ)၏အဆုံး လပေါင်း ၁၂ လ ရက်ပေါင်း ၃၆၅ ရက်ကြာ နက္ခတ်နဝင်းပေါင်း ၁၀၈ နဝင်းပြည့်၍ တစ်ပတ်လည်ခဲ့ပြီး မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျသည်ဟု ဆိုကြသည်။ သင်္ကြန်ဆိုသည်မှာ သက္ကတဘာသာမှလာသော ‘သင်္ကန္တ’ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရပါသည်။ ဟိန္ဒူ ဗြဟ္မဏမှလာသည့် ကဝိလမိုင်းပုံပြင်အရ ကမ္ဘာဦးကာလက သိကြားမင်းနှင့် အာသီအမည်ရှိ ဗြဟ္မာမင်းတို့ အငြင်းပွားပြီး နိုင်သူက ရှုံးသူ၏ ဦးခေါင်းကို ဖြတ်ကြစတမ်းကတိကဝတ်ထား၍ လှူပြည်မှ ကဝိလမိုင်းဗေဒင် ပါရဂူကြီးထံ အဆုံးဖြတ်ခံကြရာ ဗြဟ္မာမင်းရှုံး၍ သိကြားမင်းက မသတ်သော်လည်း သူဟာသူ အဓိဋ္ဌာန်ဖြင့် ခေါင်းပြတ်စေခဲ့သည်။ ဗြဟ္မာမင်းဦးခေါင်းသည် သမုဒ္ဒရာတွင်ပစ်သော် ရေအားလုံးခမ်းခြောက်ပြီး မြေပြင်တွင်ပစ်သော်လည်း မီးဟုန်းဟုန်းတောက်မည်ဖြစ်၍ နတ်သမီးခုနစ်ဖော်တို့က ဗြဟ္မာမင်း၏ ဦးခေါင်းကို တစ်နှစ်တစ်ခါ အလှည့်ကျပွေ့ချီထားစေပြီးတစ်ဦးလက်မှ တစ်ဦးလက်သို့ ကူးပြောင်းသည့် ကာလကို သင်္ကြန်ဦးခေါင်းပြောင်း၍ အတာသင်္ကြန်ပွဲများ ကျင်းပကြကြောင်း ရှေးဟောင်းဗေဒင်ကျမ်းများက ယူဆဖော်ပြကြသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာလူမျိုးများသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကိုရောက်တိုင်း နှစ်ဟောင်းမှ မကောင်းမှုအညစ်အကြေးများကို နှစ်သစ်သို့ယူဆောင်မလာဘဲ စိတ်သစ် လူသစ် ကုသိုလ်အသစ်များ တိုးပွားအောင် ကြိုးစားလုပ်ဆောင်ကြပါသည်။ မြန်မာနိုင်ငံတွင် နှစ်သစ်ရောက်တိုင်း နှစ်သစ်မင်္ဂလာအခါတော်နေ့အဖြစ် သတ်မှတ်ပြီး စေတီပုထိုးရုပ်ပွားတော်များကို သွားရောက်၍ ရေသပ္ပာယ်ခြင်း၊ ကျောင်း၊ ကန်၊ ဘုရားသွားရောက်၍ ဥပုသ်သီတင်းသီလစောင့်ထိန်းခြင်း၊ ရေကုသိုလ်ပြုခြင်း၊ မိဘ ဘိုးဘွားတို့ကို ဂါရဝပြုပူဇော်ခြင်း၊ ဝေယျာဝစ္စများ ပြုလုပ်ပေးခြင်း၊ ဇီဝိတဒါန သက်သတ်လွတ်ပွဲများ ပြုလုပ်ခဲ့ကြပါသည်။

သို့မှသာ ‘မင်္ဂပါပံလုနာတိဆိန္ဒတိတိမင်္ဂလံ’ မကောင်းမှုများမှ ပယ်ဖြတ်သုတ်သင်ခြင်းသည် မင်္ဂလာမည်၏ဟူသော ဒေသနာတော်နှင့်အညီ မိမိတို့၏ ကိုယ်နှုတ်စိတ်တို့ကို အကုသိုလ်တရားမဖြစ်စေဘဲ ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်များ တိုးပွားအောင် ကြိုးစားကြမှသာ တကယ့်နှစ်သစ်မင်္ဂလာအစစ်ဖြစ်ပါသည်။ ယနေ့ခေတ်ကာလတွင် ရှေးခေတ်အဆက်ဆက်မှ မြန်မာလူမျိုးတို့၏ ယဉ်ကျေးစွာထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် ယဉ်ကျေးမှုအမွေဖြစ်သော ကမ္ဘာ့အလယ်မှာဂုဏ်ယူဖွယ်ရာကောင်းသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲကို ခေတ်လူငယ်များ ခေတ်ဆန်စွာ ရေပက်ဆော့ကစားခဲ့ကြရာမှ ယခုအခါ တဖြည်းဖြည်းဖြင့် ရှေးခေတ်ယဉ်ကျေးမှုများ ပျောက်ကွယ်လုမတတ်ဖြစ်ပြီး သတိလွတ်ကာ လူငယ်များ အပျော်လွန်ကဲနေကြသည်ကို တွေ့မြင်လာရပါသည်။

မြန်မာလူမျိုးတို့၏ ဆယ့်နှစ်ရာသီပွဲတော်များတွင် နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် အထူးခြားဆုံးနှင့် အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်ပါသည်။ မကြာမီ မြန်မာကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်ကုန်ဆုံး၍ ၁၃၇၅ ခုနှစ်ကို ကူးပြောင်းရောက်ရှိတော့မည်ဖြစ်ပါသည်။ ရိုးရာသင်္ကြန်ပွဲတော်ကြီးလည်း ကျင်းပနေလေပြီ။ သင်္ကြန်လို့ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံသားတို့၏ နှလုံးသားမှာ အေးမြကြည်လင်သော အတာရေနှင့် အတူ ကြည်နူးဆွတ်ပျံ့သည့် သင်္ကြန်ရနံ့တို့က အလိုအလျောက်နေရာယူပြီးဖြစ်သည်။ မကြာမီ ပန်းပိတောက်တွေဖူးသည့် တာသင်္ကြန်နှစ်သစ်ကူးကာလကို ရောက်ရှိတော့မည်ဖြစ်ပါသည်။ သင်္ကြန်ကာလမှာ နိုင်ငံတော်မှ ရုံးများရက်ရှည် ပိတ်ပေးသဖြင့် ဘာသာရေးစိတ်ဝင်စားကြသူများကလည်း မိမိတို့၏ နီးစပ်ရာ ကျောင်းကန်ဘုရားရိပ်သာများမှာ ဥပုသ်သီတင်းသီလစောင့်သုံးရင်း တရားဘာဝနာများ ပွားများကြဖို့ ကြိုတင်စီစဉ်နေကြသလို လူငယ်လူရွယ်အများစုမှာလည်း တူးပို့သင်္ကြန်နှင့်အတူ ကခုန်မြူးထူးကာ ပျော်ရွှင်စွာရေပက်ကစားကြပြီး သူငယ်ချင်းအပေါင်းအသင်းများနှင့် လျှောက်လည်ကြဖို့ အသီးသီးပြင်ဆင်နေကြလေပြီ။ တစ်နှစ်မှာ တစ်လ တစ်လမှာတစ်ကြိမ်သာ နိုင်ငံအဝှမ်း ဆင်နွှဲခွင့်ရရှိကြသည့် ဒီသင်္ကြန်ကာလကို မိမိတို့စိတ်ကြိုက် ရွေးချယ်မှုပုံစံအမျိုးမျိုးတို့ဖြင့် ကြိုဆိုနေကြပေပြီ။ နှစ်ဟောင်းမှ ဘဝအမောတွေကို ဖြေဖျောက်ပြီး မင်္ဂလာရှိသော နှစ်သစ်ကို ပျော်ရွှင်စွာချီတက်ကြဖို့ မျှော်လင့်စောင့်စားခဲ့ကြပါသည်။

သင်္ကြန်ကာလတွင် အချို့လူငယ်များသည် မူးယစ်သောက်စားပြီး ဖျော်ဖြေရေးစင်မြင့်ထက်မှ သရုပ်ပျက်ရှက်ဖွယ်ကောင်းသော ဝတ်စားဆင်ယင်မှုများဖြင့် ဖျော်ဖြေကြပါသည်။ ထို့အပြင် တိုပြတ်ဟိုက်ကျယ် မလုံ့တလုံမဖွယ်မရာအဝတ်အစားများကို ဝတ်ဆင်ပြီး မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် အပြုအမူပုံပျက်ပန်းပျက်များဖြင့် ဆော့ကစားကြသည်ကို အတုယူမမှားကြဖို့၊ မပြုလုပ်ကြဖို့ လိုအပ်ပါသည်။ တန်ဖိုးဆိုသည်မှာ တန်ဖိုးသိသောသူမှသာ တန်ဖိုးရှိပါသည်။ ရှေးခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသော ရှေးဟောင်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ၏ တန်ဖိုးကို လူတိုင်း သဘောပေါက်နားလည်ပြီး လေးစားမြတ်နိုး တန်ဖိုးထားတတ်ကြဖို့ လိုအပ်ပါသည်။ ယဉ်ကျေးမှုအမွေဆိုသည်မှာ လူမျိုးအားလုံး၊ ဘာသာအားလုံးနှင့် သက်ဆိုင်ပါသည်။

မြန်မာနိုင်ငံသည် ဘာသာအားလုံးကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပြီး ဗုဒ္ဓဘာသာ ကိုးကွယ်သူအများဆုံးရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် ၁၂ လရာသီပွဲတော်များအားလုံးကို လေ့လာကြည့်ပါလျှင် လူအများ ကုသိုလ်တရား တိုးပွားဖို့နှင့် အချင်းချင်းမေတ္တာတရားယှက်နွှယ်ပြီး အပြန်အလှန်သက်ဝင်ယုံကြည်မှုများဖြင့် စည်းလုံးညီညွတ်ပျော်ရွှင်စွာ လက်တွဲနေထိုင်နိုင်ကြဖို့ကို ဦးတည်ချက်ထား ကျင်းပသွားကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ နှစ်စဉ်ကျင်းပသော ၁၂ လရာသီ ပွဲတော်များထဲတွင် သင်္ကြန်ရေလောင်းပွဲတော်သည် အပြန်အလှန် အေးမြသောရေနှင့် ပက်ဖျန်းကြသဖြင့် လွန်စွာ အဓိပ္ပာယ်ရှိသော ပွဲတော်ဖြစ်ပါသည်။ ထို့အပြင် ပျော်ရွှင်ဖွယ်အကောင်းဆုံးနှင့် မြန်မာများသာမက တစ်ကမ္ဘာလုံးကပါ စိတ်ဝင်စားကြရသည့် ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးတစ်ခုလည်း ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ အနှစ်သာရကို ထိန်းသိမ်းစောင့်ရှောက်ကြဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ကိုယ်စီရှိကြပါသည်။ သင့်ကြောင့် အရုပ်ဆိုးအကျည်းတန်ပြီး ရိုးရာယဉ်ကျေးမှုပျက်စေသည့် သရုပ်ပျက်သင်္ကြန်မဖြစ်ဖို့လိုအပ်ပါသည်။

နှစ်စဉ်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကျင်းပရေးကော်မတီမှလည်း လိုက်နာရန်တိုက်တွန်းနှိုးဆော်ချက်များဖြင့် သတိပေးလျက်ရှိပါသည်။ ယခုနှစ်တွင်လည်း နေ့စဉ်ထုတ် သတင်းစာများနှင့် TV မီဒီယာများမှ ထုတ်ပြန်ကြော်ငြာပေးနေသည်ကို သတိပြုဖတ်ရှုရပါသည်။

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု ပြုမူပြောဆိုမှုများမပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်းဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသော ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးမှုများ တားမြစ်ရုံသာမက အကယ်၍ ပြုလုပ်ကျူးလွန်သူများကိုလည်း ထိထိရောက်ရောက် တရားဥပဒေအရ အရေးယူဆောင်ရွက်ဖို့ လိုအပ်ပါသည်။ သို့မှသာ နောင်ရေရှည်အတွက် တိုးတက်ပြောင်းလဲလာနေပြီဖြစ်သော ဒီမိုကရေစီစနစ်နှင့် အညီ ပြုပြင်ပြောင်းလဲရေးစီမံကိန်းများ အမှန်တကယ် အောင်မြင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ယခုခေတ်သည် ဒီမိုကရေစီခေတ်ဖြစ်၍ ကိုယ်ကြိုက်တာကို လွတ်လပ်စွာပြုလုပ်ခွင့်မရှိတော့ဘူးလားဟု မေးခွန်းထုတ်စရာရှိပါသည်။ သို့သော် ဒီမိုကရေစီဆိုတာ ကိုယ်ကြိုက်တာကိုယ်လုပ်လို့ရသည်ဆိုပြီး လွတ်လပ်မှုကို တစ်လွဲအသုံးမချသင့်ပါ။ ဒီမိုကရေစီနှင့် မြန်မာ့ယဉ်ကျေးမှုကို ခွဲခြားတတ်ဖို့တော့ လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာနှင့် ဘာသာအားလုံးငြိမ်းချမ်းညီညွတ်စွာ ကျင့်သုံးကြပြီး အတူယှဉ်တွဲနေထိုင်ကြသည့် ယဉ်ကျေးမှုထွန်းကားသော တိုင်းပြည်အဖြစ် ကမ္ဘာကပါ အသိအမှတ်ပြုထားသည်ကိုလည်း သတိပြုဖို့ လိုအပ်ပါသည်။ မိမိကြောင့် မည်သူတစ်ဦးတစ်ယောက်မှာမှ ထိခိုက်နစ်နာမှုမရှိစေဘဲ ဆင်းရဲဒုက္ခမကျရောက်စေဖို့ နှလုံးသွင်းခံယူရမည်ဖြစ်ပါသည်။ လူသားအချင်းချင်းအပေါ် ကျဉ်းမြောင်းသေးသိမ်သော စိတ်ထားမဖြစ်စေဘဲ သဘောထားကြီးကျယ်မြင့်မြတ်ကျယ်ပြန့်သော စိတ်ဓာတ်ဖြင့် သည်းခံခွင့်လွှတ် မေတ္တာစိတ်ထားရမည်ဖြစ်ပါသည်။

“ဗြဟ္မစိုရ်လေးဆူ၊ တရားဟူသည်၊ နတ်လူချစ်ဆေး၊ ရှုတိုင်းမွှေးကို၊ မြတ်လေးဆောင်ဖွယ်၊ ကင်းမပယ်နှင့်” ဟု မဃဒေဝလင်္ကာတွင် ပါရှိပါသည်။ မြန်မာဆိုသည့် ဝေါဟာရနှင့်အညီ မြင့်မြတ်မြန်ဆန်စိတ်ဓာတ်ခိုင်မာသည့် မြန်မာတစ်မျိုးသားလုံးတို့သည် မွန်မြတ်သန့်စင်သော စိတ်ဓာတ်ဖြစ်သည့် သည်းခံခွင့်လွှတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မေတ္တာထားလေးစားကြင်နာခြင်း၊ မိသားစုရင်းချာပမာ ကူညီဖေးမခြင်း စသည့် မြန်မာပီသသည့် မွန်မြတ်သော စိတ်ဓာတ်များထားရှိဖို့ လိုအပ်ပါသည်။

သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ အရှိန်အဟုန်ဖြင့် ချီတက်ရန် ကြိုးစားနေကြသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ ဖွင့်လှစ်ထားသော သမိုင်းစာမျက်နှာသစ်ပေါ်မှာ မိမိတို့ကိုယ်တိုင်ပါဝင်ပြီး အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် နိုင်ငံသားကောင်းပီသစွာ သမိုင်းမော်ကွန်းရေးထိုးနိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် စည်းကမ်းရှိစွာ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ကို ရှေးအစဉ်အလာမပျက် လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရင်းဖြင့် နှစ်ဟောင်းမှမကောင်းမှုများကို နှစ်သစ်သို့ မရောက်စေရန် အတာရေနှင့် ပက်ဖျန်းဆေးကြောရင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော ၂၀၁၃ မင်္ဂလာရှိသော နှစ်သစ်သင်္ကြန်ဖြစ်စေရန် ဝိုင်းဝန်းလက်တွဲကူညီကြပါရန် တိုက်တွန်းလိုက်ပါသည်။ ။

သင်္ကြန်မေ

(ရှစ်ဆယ်ပေါ်တေးထပ်)

❍ ဧကန်…ဖြေမှန်…ဖွေလှန်ဆ
ပြည်ပုဂံက…အစဖြာ
ပြည်မြန်အလှ…လအတာမှာ
နွှဲရှာကြ…‘ရေသဘင်ပွဲ’။

❍ ဂီဝါရွက်တို့…
နီလာစွက်လို့…
စီဖြာသက်လို့…လေထဲမှာကွယ်
ဖြေလည်းမသာ…နွေငှက်ဟန်သို့ဝဲ
ကြေကွဲစရာ…မြေထက်ပြန့်လို့ကြဲ။

❍ ဥရွှေဩတို့…
ထုတ်ဖွေပြောသို့…
နှုတ်ခြွေနှောလို့…ပင်မြင့်ဆောင်မှာ
ရင်နှင့်အောင်သူငို့ခွဲ။
သွင်ချင့်ဆောင် မှုပိုကဲလို့
လှူလိုပဲထင်လောက်ပေ။

❍ မာစေ သာစေ မှာခြွေတေးနဲ့
ဘယာသွေဝေးဖို့ ညွှန်းဖွဲ့ပလ္လာခြွေ
မြန်မာမလေးတို့ သွန်းတဲ့အတာရေ။

❍ မင်ကြန်ဆံထုံးနဲ့…
ယဉ်ဟန်ထုံးဖွဲ့…
သွင်ဟန်ပြုံးလဲ့… ယဉ်ရက်လေတယ်
ယဉ်ချက်ပွေ…ယဉ်ချက်ဆန်းပါဘိ
ပင်ထက်ပန်းမို့ လှမ်းခွင့်မသာ
ကျွမ်းနင့်ရင်မှာ။

❍ ပိတောက်နံ့သာပန်းနဲ့…
လျှောက်လာလှမ်းခဲ့…
တောက်ကာဖျန်းတဲ့…“ယဉ်သက်ကလျာ”ရယ်
မြင်လျက်သာ…မြင်စမ်းချင်ရဲ့လေး။

❍ လူတိုင်းခွင်လှည့်…
တနိုင်းယှဉ်မဲ့…
ရှုတိုင်းယဉ်တဲ့…ယှဉ်ဘက်ကွာရယ်
ကြင်လျက်သာ…ကြင်စမ်းချင်ရဲ့လေး။

❍ မှုပိုင်မှူးမို့…
ဂုလိုဏ်ဦးသို့…
တူပြိုင်ဖူးသို့…‘နိဗ္ဗူတာ’ကို
စိတ်တူမကွာ…ဝင်စမ်းချင်ရဲ့လေး။

တင်မျိုးနောင် (ကြီးနီ)



ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဆည်းဖြန့်ဖြူးပေးနိုင်ရန် ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၃

ကယားပြည်နယ် လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၃ မိုင်ခန့်အကွာ ဘီလူးချောင်းနှင့် ပွန်ချောင်းဆုံရာအနီးရှိ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးတို့သည် မေ ၁၂ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ အရည်အသွေးပြည့်မီစွာ စနစ်တကျစိစစ်သုံးစွဲရေး၊ အလေအလွင့်မရှိအောင် ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

ထို့နောက် ပင်မရေသွယ်ဥမင်လိုဏ်၊ ဓာတ်အားပေးစက်ရုံ စက်အမှတ်(၁)နှင့် အမှတ်(၂)တို့၌ အင်ဂျင်နီယာ (စက်မှု/လျှပ်စစ်) လုပ်ငန်းများဆောင်ရွက်နေမှု၊ မြို့ပြလုပ်ငန်းများဆောင်ရွက်နေမှု၊ ဖိအားမြင့် သံမဏိပိုက်လိုင်းများ တပ်ဆင်ဆောင်ရွက်ထားမှု၊ ရေပိုလွှဲလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေထိန်းကန်လုပ်ငန်းဆောင်ရွက်ထားမှု၊ အမှတ်(၂) ဓာတ်အားပေးစက်ရုံမှ ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသို့ ဆက်သွယ်မည့် ပင်မရေသွယ်ဥမင်လိုဏ် တူးဖော်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်များ မောင်းနှင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား ၁၆၈ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် စက်ရုံတစ်ရုံဖြစ်ပြီး ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက စက်တပ်ဆင်အင်အား ၅၂ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လွိုင်ကော်မြို့တွင် 132/66/11KV ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ၎င်းခွဲရုံမှတစ်ဆင့်၊ ဒီမောဆို- ဖရူဆို- ဘောလခဲ- ဖားဆောင်း-မော်ချီးမြို့များသို့ ဗို့အားမြင့်ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်သွားရန်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်မီးရရှိရေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် မေ ၁၃

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် AD-6 တွင် Controlled Source Seabed Electromagnetic (CSEM) Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV EM LEADER ဖြင့် မေ ၁၅ ရက်မှ မေ ၃၀ ရက်အထိ လည်းကောင်း၊ Well Site (Geophysical) Survey လုပ်ငန်းကိုတိုင်းတာရေးရေယာဉ် MV GENESIS ဖြင့် မေ ၂၅ ရက်မှ မေ ၂၅ ရက်အထိ လည်းကောင်းဆောင်ရွက်သွားမည်ဖြစ်သည်။

Controlled Source Seabed Electromagnetic (CSEM) Survey လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာမှာ Point A1 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၈ မိနစ် ၃၈ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀မိနစ် ၉ ဒသမ ၆၁ စက္ကန့်၊ Point A2 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀မိနစ် ၁၂ ဒသမ ၃၀ စက္ကန့်၊ Point A3 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၃၆ ဒသမ ၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၃ မိနစ် ၁၇ ဒသမ ၀၅ စက္ကန့်နှင့် Point A4 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၈ မိနစ် ၃၁ ဒသမ ၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၃မိနစ် ၁၆ ဒသမ ၂၉ စက္ကန့်တွင် လည်းကောင်း၊ Well Site (Geophysical) Survey လုပ်ငန်းဆောင်ရွက်မည့် ဧရိယာ တည်နေရာမှာ Point B1 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၂ မိနစ် ၅၀ ဒသမ ၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၈ မိနစ် ၄၆ ဒသမ ၉၁ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၉ မိနစ် ၄၅ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၆ မိနစ် ၂၂ ဒသမ ၀၅ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၇ မိနစ် ၅၂ ဒသမ ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၈ မိနစ် ၅၂ ဒသမ ၈၆ စက္ကန့်နှင့် Point B4 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၁ မိနစ် ၁၁ ဒသမ ၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၇ ဒသမ ၂၇ စက္ကန့် အတွင်းတွင် ဖြစ်သည်။

လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားသည်။

(သတင်းစဉ်)

တောဆင်ရိုင်းသားအမိနှစ်ကောင် တူမီးသေနတ်ဒဏ်ရာများဖြင့် သေဆုံး

အုတ်တွင်း မေ ၁၃

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရိုးမတောအတွင်း မရမ်းချောင်းဒေသ ခပေါင်းကြိုးဝိုင်းကွင်းအမှတ်(၉၁) ကောက်ရိုးမြောင်၌ အသက်(၃၀)ခန့်ရှိ တောဆင်ရိုင်းအမတစ်ကောင်နှင့် အသက်လေးနှစ်ခန့်အရွယ် တောဆင်ရိုင်းသားပေါက်တစ်ကောင်တို့ တူမီးဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေးရွာအုပ်စု ကြက်မနက်ကျေးရွာနေ ဦးချစ်ငွေ(၄၀)နှစ်သည် မေ ၉ ရက် ညနေ ၃ နာရီခွဲတွင် မရမ်းချောင်းနှင့် ကောက်ရိုးမြောင်အနီး၌ သွေးစများတွေ့ရှိ၍ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ခံတောအုပ်ကြီး ဦးစိုးမင်းပိုင်ထံသို့ သွားရောက်သတင်းပို့ခဲ့ရာမှ အဆိုပါ သွေးစသွေးနများ တွေ့ရှိရာနေရာသို့ တောအုပ်ကြီး ဦးစိုးမင်းပိုင်နှင့်အဖွဲ့ အုတ်တွင်းရဲစခန်းမှ ရဲအုပ်ဇော်ဝေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အသိသက်သေများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းရရှိရာနေရာသို့ မေ ၁၀ ရက် နံနက်ပိုင်းက သွားရောက်စစ်ဆေးခဲ့ရာ မိခင်ဟု ယူဆရသည့် အသက်(၃၀)ခန့်အရွယ် တောဆင်ရိုင်းအမ၏ ဦးခေါင်းတွင် တူမီးသေနတ်ဒဏ်ရာ နှစ်ချက်၊ အရေခွံကွာ ခန္ဓာကိုယ်ပျက်စီးလျက် သေဆုံးနေပြီး အဆိုပါ ဆင်မကြီး သေဆုံးသည့်နေရာနှင့် အနီးတွင် အသက် လေးနှစ်ခန့်အရွယ် ဆင်သားပေါက်မှာလည်း အရေခွံများကွာလျက် သေဆုံးနေကြောင်း တွေ့ရသည်။

ပဲခူးရိုးမတောအတွင်း တရားမဝင်ဆင်များအား သတ်ဖြတ်သည့်အဖွဲ့အား ဖမ်းဆီးရမိနိုင်ရန် အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်းစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၅၇၈)

MGM ဟိုတယ်၌ အမျိုးသမီးတစ်ဦးကို သတ်ခဲ့သည့် တရားခံအား ရဲတပ်ဖွဲ့က ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီး

ရန်ကုန် မေ ၁၃

မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ MGM ဟိုတယ်၌ သေဆုံးခဲ့သည့် အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ခဲ့သည့် တရားခံကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အဆိုပါ ဟိုတယ်အခန်းအမှတ် (၈၀၄)၌ အမျိုးသမီးတစ်ဦး ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးအောင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ လည်ပင်း၌ ဖုန်းကြိုးပတ်လျက် ဦးခေါင်းထိပ်တွင် ပေါက်ပြဲဒဏ်ရာဖြင့် ခုတင်ခြေရင်းတွင် ထိုင်လျက်သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ စုံစမ်းစစ်ဆေးချက်အရ ယင်းဟိုတယ်သို့ မေ ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ၎င်းအမျိုးသမီးနှင့်အတူ အမျိုးသားတစ်ဦးတို့ လာရောက်တည်းခိုခဲ့ကြောင်း၊ မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ဟိုတယ်ဝန်ထမ်းတစ်ဦးက ၎င်းတို့အခန်းကို တံခါးခေါက်ရာအသံမကြားရသဖြင့် သော့အပိုဖြင့် ဖွင့်ကြည့်ရာမှ ယင်းသို့သေဆုံးနေသည်ကို စတင်တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်အားရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်စေခဲ့ကြောင်း၊ သေသူအား သိရှိခြင်းမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက သေဆုံးသူအမျိုးသမီး၏ မှတ်တမ်းဓာတ်ပုံအား ဖေ့စ်ဘွတ်ခ်တွင် တင်လိုက်ကြောင်း၊ ထိုမှ မလေးရှားတွင်ရောက်ရှိနေသည့် သေဆုံးသူအမျိုးသမီး၏ ခင်ပွန်းဖြစ်သူက ဖေ့စ်ဘွတ်ခ်တွင် တင်လိုက်သည့်ဓာတ်ပုံကိုတွေ့ရှိရာမှ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရသဖြင့် သေသူမှာ မဝါဝါမင်း ဖြစ်သည်ကို သိရှိခဲ့ရကြောင်း၊ ထိုမှ စီစီတီဗွီတွင် ပေါ်နေသည့်ပုံရိပ်မှတစ်ဆင့် တရားခံအားဖော်ထုတ်ခဲ့ရာ သေဆုံးသူ၏ တိုက်ခန်းအောက် မြေညီထပ်တွင် မြန်မာဆေးဝါးနှင့် ဖုန်းပစ္စည်း

ရောင်းချသည့် တရားခံ အောင်ကိုလတ်**(အပေါ်ပုံ)**အား မေ ၁၂ ရက် နံနက် ၉ နာရီတွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ စစ်ဆေးချက်အရ တရားခံက ဝန်ခံသည်။ သေဆုံးသူ မည်သူမည်ဝါဟု ဖော်ထုတ်နိုင်ခဲ့ပြီးနောက် ၂၄ နာရီအတွင်း တရားခံဖြစ်သူအား ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းအားလုံးတွင် လာရောက်တည်းခိုသူများအား မှတ်ပုံတင်အထောက်အထားများရယူပြီး သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ လက်ခံရန်ဖြစ်သော်လည်း ယခုကဲ့သို့ စည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် MGM ဟိုတယ်အား အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(သတင်းစဉ်)

သရက်မြို့၌ စက်သုံးဆီအရောင်းဆိုင် မီးလောင်

သရက် မေ ၁၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအနီး (၇)မိုင်လမ်းခွဲ ခွန်ဆုံစက်သုံးဆီအရောင်းဆိုင်တွင် မေ ၁၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးပင်တဲ သုံးလုံး မီးလောင်ဆုံးရှုံးပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ခွန်ဆုံစက်သုံးဆီအရောင်းဆိုင်၌ မစန်းစန်းဝင်း (၄၁)နှစ်သည် ရေသန့်ဘူးအတွင်းသို့ ဓာတ်ဆီထည့်နေစဉ် အပူရှိန်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မစန်းစန်းဝင်းမှာ ညာဘက် ခြေသလုံး၊ ဘယ်/ညာ လက်ဖျံ နှစ်ဖက်နှင့် မျက်နှာတို့တွင် မီးလောင်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး မစန်းစန်းဝင်း၏ သုံးပင်တဲ အပါအဝင် သစ်တောဦးစီးဌာန နားနေဆောင်နှင့် ဦးအောင်ဝင်း၏ သုံးပင်တဲ၊ စက်ဘီး တစ်စီး၊ ဆိုင်ကယ်တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးလောင်မှုဖြစ်ပွားစေရန် ပေါ့ဆစွာပြုလုပ် ဆောင်ရွက်သူ မစန်းစန်းဝင်းအား သရက်ရဲစခန်းက (ပ)၃၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုကိုအောင် (သရက်)

တန့်ယန်းမြို့နယ် လွယ်ဆေးကျေးရွာအုပ်စု ပန်မောင်ရွာအနီး၌ ဘိန်းစိမ်းများ သယ်ဆောင်လာသော တရားခံသုံးဦးအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၃

မေ ၁၁ ရက်တွင် တန့်ယန်းမြို့နယ် လွယ်ဆေးကျေးရွာအုပ်စု ပန်မောင်ရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းက ဦးဆန်ပူး (၅၈)နှစ် (ဘ) ဦးပူလွယ်ရွက်တောင်းနှင့် သမီးဖြစ်သူ မစန်းအင် (၂၉)နှစ် မိုင်းကောင်ကျေးရွာနေသူတို့မောင်းနှင်သော Vanbo-125 ဆိုင်ကယ်ဖြင့် တင်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ ဘိန်းစိမ်း ၁၄ ထုပ်(အလေးချိန် ၁၃ ဒသမ ၅ ကီလိုဂရမ်ခန့်) ကာလတန်ဖိုး ကျပ် ၆၇ သိန်းခန့်အား လည်းကောင်း၊ ကိုဘရီ (ဘ)ဦးမော်ဇင် တန့်ယန်းမြို့နေသူ မောင်းနှင်လာသော Kenbo-125 တွင် တင်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ ဘိန်းစိမ်း ခုနစ်ထုပ်(အလေးချိန် ၈ ဒသမ ၆ ကီလိုဂရမ်ခန့်) ကာလတန်ဖိုး ကျပ် ၄၃ သိန်းခန့်အား လည်းကောင်း၊ တရားခံ သုံးဦးနှင့် အတူ စုစုပေါင်း ဘိန်းစိမ်း ၂၂ ဒသမ ၁ ကီလိုဂရမ်ခန့်၊ ကာလတန်ဖိုး ကျပ် ၁၁၀ သိန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး တန့်ယန်းရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေး ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာအတာသင်္ကြန် အကြိုနေ့ နေပြည်တော်တစ်ဝန်း သင်္ကြန်ပွဲတော် ဆင်နွှဲပျော်ကြ

နေပြည်တော် မေ ၁၃

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်မှ ၁၃၇၅ ခုနှစ်သို့ စတင်ကူးပြောင်းသည့် မြန်မာလူမျိုးတို့၏ နှလုံးသည်းပွတ် ရိုးရာယဉ်ကျေးမှု တစ်စိတ်တစ်ဒေသကို လှစ်ဟဖော်ကျူးသော မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကာလ အဦးအစဖြစ်သည့် သင်္ကြန်အကြိုနေ့ အခါသမယပင် ဖြစ်သည်။

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော မြန်မာတို့သည် ကုန်လွန်ဖြတ်သန်းခဲ့သည့် နှစ်ဟောင်းကာလမှ ကောင်းမှု၊ မကောင်းမှုတို့ကို ပြန်လည်ဆန်းစစ်ဝေဖန်သုံးသပ်ကာ လာမည့်နှစ်သစ်တွင် ကောင်းမှုကုသိုလ်တရားများ တိုးပွားစေရေး၊ မကောင်းမှုအကုသိုလ်တရားများ ကင်းပစေရေးတို့ကို ရည်ရွယ်ဦးတည်၍ ဤအတာသင်္ကြန်ကာလ၌ မေတ္တာဖြင့် တစ်ဦးနှင့်တစ်ဦး အတာရေပက်ဖျန်းကြသည်။

၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အကြိုအဦးအစဖြစ်သော်လည်း ကြည်နူးပျော်ရွှင်လိုသူတို့ ပျော်ရွှင်အေးချမ်းစွာ လာရောက်ဆင်နွှဲပျော်ရွှင်ကြသည်ကို ဝမ်းမြောက်ရွှင်မြူးစွာ တွေ့ရသည်။

နေပြည်တော် အက်ဖ်စီ မိသားစုရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် အဆိုပါ ရေကစားမဏ္ဍပ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် နေပြည်တော် အက်ဖ်စီ ဥက္ကဋ္ဌတို့က ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တေးသံရှင် စံပယ်ဖြူသိန်းက မန်းတောင်ရိပ်ခို သီချင်းကို Straight Line တေးဂီတအဖွဲ့ဖြင့် တွဲဖက်သီဆိုဖျော်ဖြေရာ အနုပညာရှင်များဖြစ်ကြသည့် ပွင့်နဒီမောင်၊ ယုသန္တာတင်နှင့် စုချစ်ဇော်တို့က အက၊ အလှများဖြင့် ပေါင်းစပ်တွဲယှဉ်မြူးကြွစွာ ဖျော်ဖြေတင်ဆက်ကြသည်။ နေပြည်တော်ဟိုတယ်ဇုန်ရှိရာ ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် သင်္ကြန်ဒိုးသံများ ဖုံးလွှမ်းလျက်ရှိပြီး သင်္ကြန်ကို ချစ်မြတ်နိုးသူ ပရိသတ်အပေါင်းတို့ လိုက်ပါသီဆိုသည့် အသံများ၊ ပျော်ရွှင်ဝမ်းမြောက်စွာ ကခုန်မြူးထူးနေမှုများကို ဝမ်းမြောက်ဖွယ်ရာမြင်တွေ့ခဲ့ရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်အဖွဲ့သည် ရွှိုင်ရယ်ကုမုဒြာမိသားစုရေကစားမဏ္ဍပ်သို့ ရောက်ရှိကြပြီး ရေကစားမဏ္ဍပ်ကို ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် နေပြည်တော်ကောင်စီဝင် ဦးကံချွန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

သင်္ကြန်အကြိုနေ့က နေပြည်တော်၌ သင်္ကြန်ဆင်နွှဲသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ရွှေသံလွင်ကုမ္ပဏီ Sky Net မိသားစုရေကစားမဏ္ဍပ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ရွှေသံလွင် ကုမ္ပဏီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အနုပညာရှင်များက မြနန္ဒာသီချင်းဖြင့် လူစုံတက်စုံ သံပြိုင်သီဆိုကြပြီး အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသူများသည်လည်း အတူတကွ ပျော်ရွှင်မြူးထူးစွာ ဝိုင်းဝန်းကခုန်၍ ရေကစားခဲ့ကြသည်။ ရွှေသံလွင်မဏ္ဍပ်၌ ရေလာရောက်ကစားသူများ အထူးများပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

ထို့ပြင် ရွှေသံလွင်မိသားစုရေကစားမဏ္ဍပ်၌ ယနေ့နံနက်ပိုင်းမှစတင်၍ တစ်နေ့တာလုံး စတုဒိသာကျွေးမွေးဧည့်ခံလျက်ရှိပြီး သင်္ကြန်ကာလတစ်လျှောက်လုံး နေ့စဉ်မပျက် ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒက္ခိဏသီရိဟိုတယ်ဇုန် စုပေါင်းရေကစားမဏ္ဍပ်ဖွင့်ပွဲကို ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အက၊ အလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။ နေပြည်တော်ရှိ အခြားသောရေကစားမဏ္ဍပ်ငယ်လေးများတွင်လည်း ယနေ့နံနက်ပိုင်းမှစတင်၍ ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်ကို တွေ့ရသည်။

၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို နေပြည်တော်တွင် ဆင်ယင်နွှဲပျော်ကြရာ၌ နိုင်ငံကျော်ပြည်သူချစ်အနုပညာရှင်များဖြစ်ကြသည့် နေအောင်၊ ဇင်ဝိုင်း၊ ရဲအောင်၊ ဖိုးသောကြာ၊ နေတိုး၊ ကျော်ကျော်ဗို၊ ဇာနည်၊ ထွန်းထွန်း၊ မင်းမော်ကွန်း၊ မင်းသွေး၊ မေသန်းနု၊ ပပဝင်းခင် စသည့် ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များ၊ အယ်လ်လွန်းဝါ၊ နောနော်၊ ဘိုဖြူ၊ လားရှိုးသိန်းအောင်၊ ကျားပေါက်၊ မိုးမိုး၊ ထူးအယ်လင်း စသည့် ပြည်သူချစ်တေးသံရှင်များနှင့် အကအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ယိမ်းအကအလှအဖွဲ့များ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲလျက်ရှိရာ အနုပညာနှင့် သင်္ကြန်ပွဲတော်ကို ထပ်တူထပ်မျှ ချစ်မြတ်နိုးကြသည့် အနုပညာချစ်သူ၊ သင်္ကြန်ချစ်သူများက ရာဇသင်္ဂဟလမ်းမကြီးထက်တွင် ပျားပန်းခပ်မျှ စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှုအားပေး၍ သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။

ယနေ့သင်္ကြန်အကြိုနေ့တွင် ယခုကဲ့သို့ စည်ကားများပြားလျက်ရှိရာ နောက်ရက်များဖြစ်သည့် သင်္ကြန်အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့များတွင် ယခုထက်ပိုမိုများပြားစွာ စည်ကားလိမ့်မည်ဟု လာရောက်ဆင်နွှဲသူများက ထင်ကြေးပေးပြောဆိုလျက်ရှိသည်ကို ကြားသိခဲ့ရသည်။

(သတင်းစဉ်)

မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

မန္တလေး မေ ၁၃

၁၃၇၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေး မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှေ့မျက်နှာစာ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက သင်္ကြန်အကြိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့က ၁၃၇၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေး မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ၊ မဟာသင်္ကြန်အကအဖွဲ့ဝင်များအား သင်္ကြန်အတာရေဖြင့် ပက်ဖျန်းနှုတ်ဆက်ကြသည်။

ထို့နောက် မန္တလေးမြို့တော် စည်ပင် မြန်မာ့ဆိုင်းဝိုင်းတော်ကြီး၊ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ မြို့တော် စည်ပင်ယိမ်းအက လှပျိုဖြူများ၊ မဟာသင်္ကြန်မဏ္ဍပ်ရှေ့တွင် ကြိုတင် နေရာယူထားကြသည့် မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ တူညီရောင်စုံဝတ်ယိမ်းအကအဖွဲ့ဝင် ကျောင်းသူ ၂၀၀၀ ကျော်တို့က မန်းတောင်ရိပ်ခိုသီချင်း၊ အောင်မြင်ပါစေမြန်မာပြည်သီချင်းတို့ကို သံပြိုင်သီဆိုကြပြီး ယိမ်းအဖွဲ့များက တူညီကကြိုးများနှင့် စုပေါင်းညီညာလှပစွာ ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပြိုင်ပွဲဝင်ဆင်နွှဲကြမည့် သင်္ကြန်အလှပြ ယာဉ်များသည် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်းနှုတ်ဆက်ကြရာ ရှေ့ဆုံးမှမန္တလေးမြို့ ဂုဏ်ဆောင် မြို့မငွေဇင်းဖြူ အလှပြယာဉ်က ဦးဆောင်လျက် မြို့မတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့်အတူ အဆို၊ အက၊ အလှများဖြင့် ကပြဖျော်ဖြေဖြတ်သန်းနှုတ်ဆက်ကြသည်။**(ဝဲပုံ)** ထို့နောက် မန္တလေးခရိုင်ကိုယ်စားပြု မြနန်းမန္တလာ သင်္ကြန်အလှပြယာဉ်၊ မိတ္ထီလာခရိုင်ကိုယ်စားပြု ထီလာမေ အလှပြယာဉ်၊ ညောင်ဦးခရိုင်ကိုယ်စားပြု ပုဂံရွှေပြည် အလှပြယာဉ်၊ ရမည်းသင်းခရိုင်ကိုယ်စားပြု ရွှေသင်းမောင် အလှပြယာဉ်၊ ကျောက်ဆည်ခရိုင်ကိုယ်စားပြု ရွှေဆည်ဇေကရီ အလှပြယာဉ်၊ ပြင်ဦးလွင်ခရိုင်ကိုယ်စားပြု ပန်းမြို့တော် အလှပြယာဉ်၊ မြင်းခြံခရိုင်ကိုယ်စားပြု ရွှေခြံမောင်အလှပြယာဉ်၊ ချမ်းမြသာစည်ကိုယ်စားပြု တေးလွင်အလှပြယာဉ်တို့က အစီအစဉ်အတိုင်း အခါသင်္ကြန်အဆိုအကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေလျက် ဖြတ်သန်းကြသည်။

စည်ပင်ဆိုင်းဝိုင်းတော်ကြီး၊ မြို့မတီးဝိုင်း၊ 21st Century Play Boy Band တေးဂီတအဖွဲ့တို့နှင့် တွဲဖက်၍ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုအားပေးကြသည့် သင်္ကြန်ချစ်သူ ပြည်သူများအား သင်္ကြန်အက၊ သင်္ကြန်တေးသီချင်းများဖြင့် မြူးမြူးကြွကြွ သီဆိုကပြ ဖျော်ဖြေကြပြီး မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ သင်္ကြန်သမီးပျိုလှပျိုဖြူများကလည်း အကအလှတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုနေ့တွင် မန္တလေး ကျုံးပတ်လည်တစ်လျှောက်၌ ပြိုင်ပွဲဝင်အကမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် လည်းကောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့အစည်းများ၏ ရေကစားမဏ္ဍပ်များဖြင့်လည်းကောင်း၊ မန္တလေးမြို့တွင်း၌ ရပ်ကွက်အလိုက်၊ လမ်းများအလိုက် ရေကစားမဏ္ဍပ်များဖြင့်လည်းကောင်း၊ အဆို၊ အတီး၊ အကများဖြင့် အပြိုင်အဆိုင် ဖျော်ဖြေတင်ဆက်ကြ၍ ပျော်ရွှင်စွာ ရေကစားလျက်ရှိရာ ကျုံးတောင်ဘက်တွင် သင်္ကြန်မဏ္ဍပ် ၁၉ ခု၊ ကျုံးအရှေ့ဘက်တွင် သင်္ကြန်မဏ္ဍပ် ၁၁ ခု၊ ကျုံးအနောက်ဘက်တွင် သင်္ကြန်မဏ္ဍပ် သုံးခု၊ မြို့တွင်း ၇၈ လမ်း၊ ရတနာပုံဈေး မိသားစုသင်္ကြန်မဏ္ဍပ် တစ်ခုနှင့် ၃၅ လမ်းပေါ်တွင် မိသားစုသင်္ကြန် ရေကစားမဏ္ဍပ်တစ်ခု အပါအဝင် သင်္ကြန်မဏ္ဍပ် ၃၅ ခု၊ သင်္ကြန် အလှပြယာဉ် ရှစ်စီးတို့ဖြင့် ပါဝင်ဆင်နွှဲကြသည်။ သင်္ကြန်ချစ်သူ ပြည်သူများကလည်း ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း သင်္ကြန်ပွဲတော် နွှဲပျော်ကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိရာ မန္တလေးမြို့တစ်ခွင်လုံး သင်္ကြန်တေးသံများဖြင့် ဖုံးလွှမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သရုပ်ပျက်ဝတ်စားမှု ရှောင်ကြဉ်ပါ

၁၃၇၄ ခုနှစ် မဟာသ

၁၃၇၄ ခုနှစ် မဟာသင်္ကြန်အကြိုနေ့ဖြစ်သည့် ယနေ့ ... ကျင်းပကြသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီခွဲတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ယိမ်းအဖွဲ့များနှင့် မိသားစုများ၊ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ သင်္ကြန်အခါသမယ၌ ရေပက်ဖျန်းကစားကြခြင်းသည် နှစ်ဟောင်း၌ မတော်တဆပြုမိသည့် အမှားအယွင်းများ၊ အာဃာတများစသည့် အညစ်အကြေးများကို ကြည်လင်အေးမြသည့် အတာရေစင်ဖြင့် ပက်ဖျန်းဆေးကြော၍ တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်ခြင်း နိမိတ်ကို ဆောင်ယူပါကြောင်း၊



ပေးသည်။(အ...

ထို့နောက် ... ယဉ်ကျေးမှုအ... ယိမ်းအကအဖွဲ့... အဆိုအကများ...

သွန်းလောင်းခဲ့သည့် မေတ္တာရေနှင့်အတူ ကြည်နူးချမ်းမြေ့ခြင်း နိမိတ်ကိုလည်း ပေါ်ထွန်းစေပါကြောင်း၊ အတာကျူးသည့် နှစ်ဦးအချိန်အခါတွင် ပျော်ရွှင်ကြည်နူးစွာဖြင့် ဘဝလမ်းခရီး ဖြောင့်ဖြူးသာယာကြပါစေဟု ဆုတောင်းကြောင်းဖြင့် ပြောကြားပြီး မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်

ကြပြီး ရေသဘ... ဆင်နွှဲကြသည်...

ယင်းနောက်... ဝန်ကြီးချုပ် ... အဖွဲ့ဝင်များအ... မိသားစုများက... ကြသည်။

ရန်ကုန်အ... ပြုမဟာသင်္ကြ...

တာချီလိတ်မြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲ... အနားကို မေ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းရိုး... ၌ ကျင်းပစဉ်။



၁၃၇၄ ခုနှစ် မဟာသင်္ကြန် အကြိုနေ့တွင် ရန်ကုန်မြို့၌ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲများ စည်ကားပျော်ရွှင်စွာကျင်းပ

ရန်ကုန် ဧပြီ ၁၃

၁၃၇၄ ခုနှစ် မဟာသင်္ကြန်အကြိုနေ့ဖြစ်သည့် ယနေ့တွင် ရန်ကုန်မြို့၌ နံနက်ပိုင်းမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် အပါအဝင် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲများကို စည်ကားပျော်ရွှင်စွာ ကျင်းပကြသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီခွဲတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ယိမ်းအဖွဲ့များနှင့် မိသားစုများ၊ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ သင်္ကြန်အခါသမယ၌ ရေပက်ဖျန်း ကစားကြခြင်းသည် နှစ်ဟောင်း၌ မတော်တဆပြုမိသည့် အမှား အယွင်းများ၊ အာဃာတများစသည့် အညစ်အကြေးများကို ကြည်လင် အေးမြသည့် အတာရေစင်ဖြင့် ပက်ဖျန်းဆေးကြော၍ တစ်ဦးနှင့် တစ်ဦး နားလည်ခွင့်လွှတ်ခြင်း နိမိတ်ကို ဆောင်ယူပါကြောင်း၊ သွန်းလောင်းခဲ့သည့် မေတ္တာရေနှင့် အတူ ကြည်နူးချမ်းမြေ့ခြင်း နိမိတ်ကိုလည်း ပေါ်ထွန်းစေပါကြောင်း၊ အတာကျူးသည့် နှစ်ဦးအချိန်အခါတွင် ပျော်ရွှင်ကြည်နူးစွာဖြင့် ဘဝလမ်းခရီး ဖြောင့်ဖြူးသာယာကြပါစေဟု ဆုတောင်းကြောင်းဖြင့် ပြောကြားပြီး မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။**(အပေါ်ပုံ)**

ထို့နောက် တိုင်းရင်းသား ယဉ်ကျေးမှုအက အဖွဲ့ဝင်များ၊ ယိမ်းအကအဖွဲ့ဝင်များက ခါသင်္ကြန် အဆိုအကများဖြင့် ကပြဖျော်ဖြေကြပြီး ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဇနီးနှင့် အဖွဲ့ဝင်များအား မြို့တော်စည်ပင် မိသားစုများက အတာရေပက်ဖျန်း ကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ကိုယ်စားပြု မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် ဗိုလ်တထောင်မြို့နယ် (၄၂)လမ်းနှင့် ဘိုကလေးဈေးလမ်းကြား မဟာဗန္ဓုလလမ်းရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် တာဝန်ရှိသူများက မဟာသင်္ကြန် မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အတာရေ အပြန်အလှန်ပက်ဖျန်း ကြပြီး ယိမ်းအကအဖွဲ့များကလည်း ကပြဖျော်ဖြေကြသည်။

လှိုင်မြို့နယ် ပါရမီလမ်းရှိရန်ကုန် အနောက်ပိုင်းခရိုင် မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် အဆိုပါမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်း ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ မဟာ သင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ထို့နောက် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြပြီး ပျော်ရွှင်စွာ အတာရေပက်ဖျန်း ကစားကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ၁၃၇၄ ခုနှစ်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို နံနက် ၁၀ နာရီ တွင် သန်လျင်မြို့ သိမ်ကျောင်းလမ်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး အနီးရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ ရန်ကုန် တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။**(ဝဲပုံ)**

ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် တွင် သင်္ကြန်အကြိုနေ့မှ အတက်နေ့ အထိ ခရိုင်အတွင်းရှိ မြို့နယ် အသီးသီးမှ ဖျော်ဖြေရေးယိမ်းအဖွဲ့ များ၊ ခေတ်ပေါ်တေးဂီတ ဖျော်ဖြေမှု အစီအစဉ်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာများ၏ စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ကိုယ်စားပြု ရွှေရည်နံ့သာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ညနေ ၄ နာရီခွဲတွင် အင်းစိန်မြို့နယ် မင်းကြီးလမ်းရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ခိုင်ဝင်းက အမှာစကားပြောကြားပြီး ရန်ကုန် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ စိုက်ပျိုး ရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်း နှင့်တာဝန်ရှိသူများက မဟာသင်္ကြန် ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြပြီး အတာရေ အပြန်အလှန် ပက်ဖျန်းကြ သည်။

မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲများ တွင် ကျောင်းသူလေးများ၏ ယိမ်းအဖွဲ့များ၊ လုပျိုဖြူလေးများ၏ ယိမ်းအဖွဲ့များသည် ရောင်စုံတူညီ ဝတ်စုံများဖြင့် ခါသင်္ကြန်တေးများကို ညီညာစွာ သီဆိုကပြဖျော်ဖြေကြ သည်။ သင်္ကြန်မဏ္ဍပ်များသို့ လာရောက်ကြည့်ရှုကြသူများအား ယိမ်းအဖွဲ့များက ခါသင်္ကြန်တေး သီချင်းများကို မြူးကြွမြိုင်ဆိုင်စွာ သီဆို၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ပျော်ရွှင်စွာ ဖျော်ဖြေကြသည်။ ရေပက်ခံ လာရောက်ကြသူများကလည်း အေးချမ်းပျော်ရွှင်စွာ ရေပက်ခံ ကစားကြသည်။

မြို့နယ်အသီးသီးရှိ သင်္ကြန်ရေ ကစားမဏ္ဍပ်များ၌လည်း တေးသံရှင် များ၏ ဖျော်ဖြေမှုများ၊ ပျော်ရွှင် အေးချမ်းစွာ ရေပက်ကစားမှုများဖြင့် မဟာသင်္ကြန်ကို ကြိုဆိုကြသည်။

Sky Net ရုပ်သံနှင့် ရွှေ FM ရေဒီယို မြန်မာ့ရိုးရာ အတာရေ သဘင်မဏ္ဍပ်ဖွင့်ပွဲကို ညနေ ၃ နာရီတွင် လသာမြို့နယ် အနော်ရထာလမ်းနှင့် (၁၉)လမ်းထိပ်ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ လသာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ ရွှေFM Radio Station ဥက္ကဋ္ဌ ဒေါ်နန်းမောက်လောဝ်ဆိုင် နှင့် တာဝန်ရှိသူတို့က မဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး "အောင်ပါစေ" သီချင်းဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များက ယဉ်ကျေးမှု အကအဖွဲ့များနှင့် တွဲဖက်ဖျော်ဖြေကြသည်။

ရန်ကုန်တိုင်းဒေသကြီး ရခိုင် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၁၀)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် (ရန်ကုန်)ကို မွန်းလွဲပိုင်းတွင် သဃ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဝင်းအတွင်း၌ကျင်းပရာ ရခိုင်ရိုးရာ အစားအသောက်များ ရောင်းချပြီး ရခိုင်ရိုးရာ တေးဂီတများ ဖျော်ဖြေ၍ မဏ္ဍပ်ကိုးခုရှိ လောင်းလှေများတွင် ရေထည့်၍ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားကြသည်။

(သတင်းစဉ်)

သင်္ကြန်အကြိုနေ့က ကမ္ဘာအေးဘုရားလမ်းပေါ်တွင် နိုင်ငံခြားသားများ ရေပက်ကစားနေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ- ခင်မောင်ဝင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၄-၄-၂၀၁၃ (တနင်္ဂနွေနေ့)(သင်္ကြန်အကျနေ့)

၅း၄၀	"အခိုင်ဆုံးနှောင်ကြိုး" တရားတော် (ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ)	၁၁း၄၅	ထာဝရသင်္ကြန် ၂၀၁၃ မြင်ကွင်းများ
၁၀း၁၀	၂၀၁၃ သင်္ကြန်ဖက်ရှင် (Designer)	၂း၂၀	အိုးစည်ဒိုးပတ်
		၄း၀၀	သွားမယ်ဆိုမယ်
		၉း၀၀	ရန်ကုန်သင်္ကြန်မြင်ကွင်းများ
		၁၀း၀၀	Dancer

ရွှေတိဂုံ နှစ်သစ်မင်္ဂလာကျင်းပမည်

ရန်ကုန် ဧပြီ ၁၃

အတာသင်္ကြန်ပွဲတော်ကာလ အပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်ကြီးတွင် နှစ်သစ်မင်္ဂလာ အခမ်းအနားပွဲတစ်ရပ်ကို ကျင်းပ သွားမည်ဟု ဂေါပကအဖွဲ့မှသိရသည်။

ထိုနှစ်သစ် မင်္ဂလာအခမ်းအနား တွင် တစ်နိုင်ငံလုံးဘေးဥပဒ် ကင်းစေရန် မေတ္တာပို့ဆုတောင်းခြင်း၊ ဘေးမဲ့သက်လွှတ်ပွဲ ကျင်းပခြင်း၊ ဆွမ်းလှူဒါန်းပွဲများကိုပါ ကျင်းပ သွားရန်စီစဉ်ထားပြီး အခမ်းအနား ကို နှစ်ပိုင်းခွဲ၍ ကျင်းပသွားမည်ဟု သိရသည်။

အဆိုပါ ဆွမ်းလှူဒါန်းပွဲမှာ (၁၇) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ဆွမ်း လှူဒါန်းပွဲတစ်ကြိမ်ကျင်းပရာ၌ ဆွမ်း ပုလင်းပေါင်း ၆၀၀ မှ ၉၀၀ လောက် အထိ ရရှိတတ်သလို ယခုအထိဆွမ်း ပုလင်းပေါင်း ၁၁၁၈၆ လုံးကို လှူဒါန်း နိုင်ခဲ့ပြီး ပျမ်းမျှလေးလလျှင်တစ်ကြိမ် နှုန်းဖြင့် ဆွမ်းလှူဒါန်းပွဲ ကျင်းပလျက် ရှိကြောင်း သိရသည်။ (၆၈၀)

တာချီလိတ်မြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းရိုးမကွင်း ဗဟိုမဏ္ဍပ်၌ ကျင်းပစဉ်။

(ခရိုင်ပြန်/ဆက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီတွင် ကော့သောင်းမြို့ အဏ္ဏဝါ ရပ်ကွက် ဆိပ်ကမ်းသာပန်းခြံလမ်း ဗဟိုမဏ္ဍပ်၌ ကျင်းပစဉ်။

(ခရိုင်ပြန်/ဆက်)

မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အမှတ်(၄) ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ မြဝတီ ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်တွင် ကျင်းပစဉ်။

နဒီမြင့်မိုရ် (မြဝတီ)

ဖြေလျှော့မှုများစွာနှင့် ယနေ့ ကညန

မောင်မောင်ထွေး

၁၉၈၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အသက်(၇၀)မှ အသက်(၇၈)နှစ်အရွယ်တိုင် တာဝန်ထမ်းဆောင်ခဲ့သော ကွယ်လွန်သူ အမေရိကန်သမ္မတဟောင်းရော်နယ်ရီဂင်သည် လွတ်လပ်မှုကို အင်မတန်မြတ်နိုးအလေးထားသူပီပီ ဗျူရိုကရေစီယန္တရားနှင့် ကြိုးနီစနစ်များမရှိသလောက်ဖြစ်ခဲ့သည့် သူငယ်စဉ်က အမေရိကန်၏ လူမှုဘဝကို မကြာခဏ ပြန်ပြောင်းပြောဆိုလေ့ရှိသည်။

မှန်ပါသည်။ အစိုးရတစ်ရပ်ရှိနေသည်ဟုပင် မထင်ရသည့်တိုင်းပြည်၊ အစိုးရရုံးဌာနများရှိနေသည်ဟုပင် မထင်ရသည့် ဝန်ကြီးဌာနများအဆင့်အထိ ဗျူရိုကရေစီ ယန္တရား ကြိုးနီစနစ်များကိုဖြေလျှော့နိုင်မှ နိုင်ငံသားများအတွက် လွတ်လပ်ပျော်ရွှင်စွာနေနိုင်၊ စားနိုင်၊ ရောင်းဝယ် ဖောက်ကား လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ပြည်သူက ရွေးချယ်တင်မြှောက်ပေးလိုက်သည့် မျက်မှောက်နိုင်ငံတော်အစိုးရလက်ထက်တွင် ပြည်သူများ၏ အကျိုးစီးပွားကို ထာဝရဦးထိပ်ပန်ဆင်၍ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးအဖြစ် ဖော်ဆောင်လျက်ရှိရာတွင် နှစ်နှစ်တာကာလတိုအတွင်း အစိုးရရုံးဌာနများ၏ လုပ်ငန်းဆောင်တာအဝဝကို ဖြေလျှော့မှုပေါင်းများစွာဖြင့်ဆောင်ရွက်ပေးနိုင်ခဲ့၏။

ယင်းတို့အနက်ပြည်သူများနှင့် နိစ္စဓူဝနေ့စဉ်အနီးကပ်ထိတွေ့ဆက်ဆံနေရသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာန၏ လုပ်ငန်းစဉ်များကိုလည်း အဆင့်ပေါင်းများစွာ လျှော့ချဖြေလျှော့ပေးနိုင်ခဲ့၏။

အဆိုပါ ဖြေလျှော့မှုများနှင့်စပ်လျဉ်း၍ အောင်ကံဘို ကုမ္ပဏီမှ မညွန့်ညွန့်ထွေးက "သမီးတို့ကုမ္ပဏီက ထရပ်ကားကနေ ၂၂ ဘီးတပ်ယာဉ်ကြီးတွေအထိ တင်သွင်းပြီး ကညနမှ ကနဦးမှတ်ပုံတင်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ တစ်လကိုအစီး ၂၀၀ လောက် ရှိပါတယ်။ အရင်ကတော့ နံပါတ်ယူပြီး အုံနာဘုတ်ကျဖို့ တစ်လလောက်ကြာတယ်။ အခုအလွန်ဆုံး နှစ်ပတ်လောက်နဲ့ရပါတယ်။ အရင်ကဆို ဖိုင်ထုတ်တဲ့နေရာက ကျပ်တယ်။ စောင့်ရတယ်။ အခုရွှာသာကြီးမှာ ခွဲထုတ်လိုက်တော့ အဆင်ပြေပါတယ်။ အရင်က တစ်လကို အစီး ၃၀ ပဲ လုပ်နိုင်တယ်။ အခုအစီး ၁၀၀ အထိ လုပ်နိုင်ပါပြီ"ဟု ဆိုသည်။

ဆာကူရာကုမ္ပဏီမှ ဦးစန်းယုကမူ "ကျွန်တော်တို့ကုမ္ပဏီက တစ်လကို ပျမ်းမျှကားကြီး ကားငယ် ၁၅၀ နဲ့ အစီး ၂၀၀ ဝန်းကျင် ကနဦး မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်လေ့ရှိပါတယ်။ ယာဉ်အိုယာဉ်ဟောင်း စလုပ်စကတော့ ကားတစ်စီးကို နံပါတ်ယူပြီး ဘုတ်ထွက်ဖို့ သုံးလလောက်ကြာတယ်။ သံရည်ကျိုစက်စောင့်ရတယ်။ ပုံစံ (ဃ)မူရင်းစောင့်ရတယ်။ နောက်ပိုင်းမှာ ပြေလျှော့မှုတွေလုပ်တော့ ပုံစံ (ဃ)စောင့်စရာမလိုတော့ဘူး။ သံရည်ကျိုစက်က အပ်ပြီးတာနဲ့ စလစ်ထုတ်ပေးပါတယ်။ အခုကားကြီးက တစ်ပတ်၊ ကားလေးကနှစ်ပတ်ဝန်းကျင်လောက်ပဲကြာတော့တယ်။ လုပ်ရကိုင်ရတာ အဆင်ပြေပါတယ်။ ဒါပေမယ့် ကျွန်တော်အကြံပြုချင်တာကတော့ ပါမစ်မှာ တက္ကစီလို့ပါတဲ့ ကားကိုပိုင်ရှင်ခံဝန်မလိုဘူးလို့ ကျွန်တော်ထင်ပါတယ်။ ခံဝန်လိုတယ်ဆိုတာက ယာဉ်ဟောင်းအပ်ပြီး တက္ကစီပဲယူမယ်ဆိုမှ ပိုင်ရှင်ရဲ့ ခံဝန်လိုတယ်လို့ ထင်ပါတယ်"ဟု ဆိုသည်။

ဦးသမာဓိအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဦးမာကန်ကလည်း "အရင်က ယာဉ်စစ်ပြီး ကမ(၃) စာအုပ်ရဖို့အတွက် တစ်လကျော်လောက်ကြာတယ်။ နောက်ပြီး လူ ၂၀ လောက်သာဆံ့တဲ့ နေရာမှာ လူ ၇၀ လောက် စုပြုံတိုးနေရတော့ အမှုတွဲတွေ မှားထုတ်သွားတာမျိုး ကြုံတွေ့ရတယ်။ အများဆုံးဖြစ်တာက အမှုတွဲအပ်တဲ့အခါမှာ ငွေသွင်းလက်မှတ်ကိစ္စပါ။ အခုအရာရှိပိုင်းကပါ ဖြန့်ကြက်လုပ်ပေးတဲ့အတွက် တစ်နေ့တည်းနဲ့ အစီး ၅၀ လောက် ရလာပါပြီ။ အရင်ထက်အများကြီး အဆင်ပြေပါတယ်။ ဒါပေမယ့် ရွာသာကြီးက ရှစ်ရက်နဲ့ ၁၀ ရက်အတွင်း လုပ်ပေးနိုင်တဲ့အတွက် မြင်သာမှာလည်း ဒီလိုရက်ပိုင်းအတွင်း လုပ်ပေးနိုင်မယ်ဆိုရင် ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်။ နောက်ပြီး စည်ပင်၊ ကညနက အာမခံအခွန်တွေကို ဌာနချင်း ညှိနှိုင်းပြီး မြင်သာမှာပဲ စုပေါင်းထားပေးမယ်ဆိုရင် ပိုပြီး အဆင်ပြေပါလိမ့်မယ်"ဟုဆိုသည်။

အေးမိသားစုကုမ္ပဏီလီမိတက်မှ ဦးမျိုးသန်းဦးက "ကျွန်တော်တို့ကုမ္ပဏီက တစ်လမှာ ကားစီးရေ ၅၀၊ ၆၀ လောက် နံပါတ်ယူပါတယ်။ အခုပိုပြီး မြန်လာပါတယ်။ အခက်အခဲဖြစ်တာကတော့ စည်ပင်အခွန်ကို မြို့ထဲတစ်ခေါက်သွားပြီးဆောင်ရတာ တစ်ရက်လောက် အချိန်ယူရတယ်။ ဒီမှာတစုတစည်းတည်းလုပ်နိုင်ရင် ပိုကောင်းပါတယ်။ နောက်ပြီး နံပါတ်ယူတဲ့အခါမှာလည်း ပိုင်ရှင်သတ်သတ်၊ ကိုယ်စားလှယ်သတ်သတ်ခွဲပြီး လုပ်ရင်ပိုပြီး အဆင်ပြေပါလိမ့်မယ်။ ကုမ္ပဏီက ကားစီးရေများတော့ ပိုင်ရှင်အတွက်ကြန့်ကြာမှုပိုများတယ်"ဟု အကြံပြုစကား ဆိုသည်။

Smooth International Co.,Ltd. မှ ကိုရဲဆန်းဦးကလည်း "ယခင်နဲ့ယခုအများကြီးကွာခြားသွားပြီ၊ ယခင်က လုပ်ငန်းအဆင့်တွေများတယ်၊ နံပါတ်ယူတာကအစ တစ်နေကုန်တရှုန်းရှုန်းနဲ့ စိတ်ညစ်ရတာပေါ့။ လုပ်ငန်းအဆင့်တွေက များတယ်လေ။ အခုအများကြီးသက်သာသွားပြီ။ အရင်ကထက် အများကြီးမြန်လာပါပြီ။ အားလုံးအဆင်ပြေတဲ့အတွက် အကြံပြုဖို့သိပ်မရှိပါဘူး" ဟု မှတ်ချက်စကားဆိုသည်။

Royal Thiri Aoto Services Co.,Ltd. မှ ကိုရဲမြင့်နိုင်ကမူ "အရင်က အခက်အခဲအများကြီးကြုံခဲ့ရပေမယ့် အခုအဆင်ပြေအောင်လုပ်ဆောင်ပေးတဲ့အတွက် အခက်အခဲသိပ်မရှိတော့ပါဘူး။ အကြံပြုချင်တာကတော့ နံပါတ်ယူပြီးရင် နံပါတ်ပြားကို တစ်ဆက်တည်းရောင်းပေးစေချင်ပါတယ်။ အခုလည်းရောင်းပေးပေမယ့် ဒီဘက်မှာ နံပါတ်ယူပြီး နံပါတ်ပြားပေးတာမပိတ်ခင် ပြေးလွှားသွားနေရတယ်။ မမီလို့ပိတ်သွားရင် နောက်တစ်ရက်ဆက်သွားရရော။ အာမခံအခွန်ကိုလည်း တစ်ရက်အချိန်ပေးရတဲ့အတွက် ဒီမြင်သာရုံးမှာပဲ စုပေါင်းလက်ခံပေးစေချင်ပါတယ်။ နောက်ပြီး ရွာသာကြီးရုံးကို ထပ်ခွဲထုတ်ပေးလိုက်ပေမယ့် မြင်သာကညနဝင်းက နည်းနည်းကျဉ်းနေတဲ့အတွက် ကျယ်ကျယ်ဝန်းဝန်း လုပ်လို့ရမယ့်နေရာမျိုးဆိုရင် ပိုကောင်းမယ်လို့ထင်ပါတယ်"ဟု ဆိုသည်။

ဤသို့သော ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးအဖြစ် ဖော်ဆောင်နေသည့် နိုင်ငံတော်အစိုးရလက်ထက် ရုံးဌာနများ၏ ပြေလျှော့မှုလုပ်ငန်းစဉ် သရုပ်သကန်တစ်စိတ်တစ်ပိုင်းကို ထင်ဟပ်ဖော်ကျူးနေရုံမျှမက အနာဂတ် ပြေလျှော့မှုလုပ်ငန်းစဉ်များအတွက်လည်း တစ်စိတ်တစ်ဒေသ အထောက်အကူပြုနိုင်ပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာန (မြင်သာ)၌ မိဘပြည်သူများ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဤသို့ဖြေလျှော့ဆောင်ရွက်ပေးစဉ်။

မြို့ပတ်ရထားသံလမ်းဘေးမှ တစ်နေ့တခြားတိုးပွားလာနေသည့် အမှိုက်ပုံကြီး

ရန်ကုန် ဧပြီ ၁၃

မြို့ပတ်ရထားခုတ်မောင်းသွားလာသည့် သံလမ်းဘေးတစ်နေရာတွင် ယင်တလောင်းလောင်း၊ ဆိုးရွားသောအနံ့တထောင်းထောင်းနှင့် မြင်မကောင်း၊ ရှုမကောင်းသည့်အမှိုက်ပုံကြီးတစ်ခုမှာ သိမ်းဆည်းရှင်းလင်းရန် တာဝန်ရှိသူတို့၏ မျက်ကွယ်ပြုထားမှုကြောင့် တစ်နေ့တခြားတိုးပွားလျက်ရှိပြီး တောင်ပူစာတစ်ခုသဖွယ်ဖြစ်ပေါ်လျက်ရှိသည်။**(အောက်ပုံ)**

ယင်းအမှိုက်ပုံတစ်ဝိုက်တွင် လူနေအိမ်များလည်းရှိပြီး နေ့စဉ် လူအများဖြတ်သွားဖြတ်လာ ပြုနေကြရ၏။ ၎င်းတို့မှာ အမှိုက်ပုံမှ ထွက်ရှိသောအနံ့အသက်ဆိုးများကို နေ့စဉ် ရှူရှိုက်နေကြရသည်။ ရန်ကုန်-မင်္ဂလာဒုံ အစုန်၊ အဆန် မြို့ပတ်ရထားများ ဖြတ်သန်းသွားလာသည့်အခါ ရထားမှ လေဟပ်သည့် အရှိန်ကြောင့် အမှိုက်ပုံမှ အမှိုက်များသည် ရထားစက်ခေါင်းနှင့် ရထားတွဲများအောက်သို့ အလုံးအရင်းနှင့် ဝင်ရောက်သွားလေ့ရှိရာ ရထားတွဲများ သန့်ရှင်းကြံ့ခိုင်ရေးကိုလည်း များစွာအနှောင့်အယှက်ပြုလျက်ရှိသည်။

ယင်းအမှိုက်ပုံမှာ ရန်ကုန်-မင်္ဂလာဒုံ မြို့ပတ်ရထားလမ်း၏ ကျောက်ရေတွင်းဘူတာနှင့် ပုရွက်ဆိတ်ကုန်းဘူတာကြား သံလမ်းဘေးတွင်ရှိပြီး ယင်းအမှိုက်ပုံကြီး၏ နောက်ကျောကပ်လျက်တွင် ဝိဇယအမည်ရှိမွှာရုံကြီးတစ်ခုလည်း တည်ရှိနေသည်။

(ကျော်မင်းခေါင်)

အင်းလေးကန်အတွင်း တစ်ရွာနှင့်တစ်ရွာသွားလာသည့်ချောင်းများ ရေများလျော့နည်းလာ

ညောင်ရွှေ ဧပြီ ၁၃

အင်းလေးကန်အတွင်း တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာသည့် ချောင်းများတွင် ရေများလျော့နည်းခန်းခြောက်လာကြောင်း အင်းလေးဒေသခံများက ပြောပြသည်။**(အပေါ်ပုံ)**

"သာလေးရွာနဲ့ နန်းပန်ရွာကို ဆက်သွယ်သွားလာနေတဲ့ ချောင်းဆိုရင် ရေတော်တော်နည်းသွားပါပြီ၊ စက်လှေတွေဆို မောင်းလို့မရတော့ဘူး၊ ရွာထဲမှာရှိတဲ့ ချောင်းငယ်လေးတွေဆိုရင် ရေတွေမရှိတော့ဘူး၊ သင်္ကြန်ပြီးရင် ရေအားလုံး ခန်းသွားပြီး လမ်းလျှောက်လို့တောင် ရမယ်ထင်ပါတယ်" ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

"ရေနည်းသွားတော့ အောက်မှာရှိတဲ့ ရွှံ့ညွန်တွေနဲ့ထိပြီး စက်လှေတွေ တင်နေတတ်ပါတယ်၊ အဲဒီလိုအချိန်ဆို စက်လှေက မောင်းလို့ မရတော့ဘဲ ဆင်းပြီးတွန်းရပါတယ်၊ ဖောင်တော်ဦးဘုရားကို လာရောက်တဲ့ ဧည့်သည်တွေ အလိုတော်ပေါက်ဘုရားဘက်ဆက်သွားရင် ပုံမှန်သွားနေကျလမ်းကြောင်းက သွားလို့မရတော့ဘဲ ရေရှိတဲ့ ချောင်းဘက်၊ အင်းဘက်ကနေ ပြန်လှည့်ပတ်ပြီးမှ သွားရပါတယ်"ဟု စက်လှေမောင်းသူတစ်ဦးက ပြောသည်။

အင်းလေးကန်အတွင်းသို့ နုန်းပို့ချမှုမှာ ယခင်ကထက် ပိုမိုများပြားလာကြောင်း၊ ယခုလို ရေနည်းချိန်တွင် ချောင်းများကို ပြန်လည်တူးဖော်သင့်ကြောင်း ဒေသခံများက ပြောပြခဲ့သည်။ အင်းလေးကန်သည် ၂၀၁၀ ခုနှစ်မှစ၍ စံချိန်တင် ရေခန်းခြောက်မှု ဖြစ်ပေါ်ခဲ့သည်။ **(၆၇၃)**

ဗန်းမော်ကွန်ဖူး စွမ်းရည်ပြိုင်ပွဲပြသ

ရန်ကုန် ဧပြီ ၁၃

၂၀၁၃ ခုနှစ် (၄၆)ကြိမ်မြောက် ဗမာ့ဂုဏ်ရောင် ဗန်းမော်ကွန်ဖူးအားကစား ကိုယ်ခံပညာ သင်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲနှင့် စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဧပြီ ၈ ရက်က အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဗန်းမော်ကျော်ငြိမ်းလမ်း ဗမာ့ဂုဏ်ရောင် ဗန်းမော်ကွန်ဖူး သင်တန်းကျောင်း၌ ကျင်းပသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဗိုလ်ကြီးရှိန်အောင်ဗိုလ်(ငြိမ်း)တို့က အမှာစကား ပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး သင်တန်းသားများက အဆင့်လိုက် တိုက်ကွက်များကို တက်ရောက်လာကြသူများအား ပြသပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(၆၈၄)

မီးမှန်သမျှ သုံးတတ်က မှုချမီးဘေး စဉ်ကင်းဝေး
မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

မဟာသင်္ကြန်ကာလ လမ်းပေါ်၌ အရမ်းမောင်းခြင်း (သို့) အရမ်းစီးခြင်းများမပြုလုပ်ကြရန်

ဦးရှိန် (သ/မဘဏ်ဥပဒေအကြံပေး)

ယခုအချိန်တွင် နှစ်သစ်ကူးတန်ခူးလပွဲတော် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ခြိမ့်ခြိမ့်သဲ ဆင်နွှဲနေကြလေပြီ။ မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြရန် လိုအပ်လှပါသည်။ ယင်းကဲ့သို့ မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ စည်းကမ်းတကျ ပါဝင်ဆင်နွှဲကြရန် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီများက စည်းကမ်းများ ထုတ်ပြန်ကြေညာထားပါသည်။

သို့ပါသော်လည်း တချို့သော ပြည်သူများမှာ လိုက်နာမှုမရှိဘဲ စည်းကမ်းဖောက်ကာ ပြုလုပ်ဆောင်ရွက်တတ်ကြပါသည်။ ထို့ကြောင့်လည်း သက်ဆိုင်ရာများက သင်္ကြန်ပွဲတော်ကာလအတွင်း၌ပင် အရေးယူဆောင်ရွက်ခဲ့ရသည်လည်း ရှိပါသည်။ ယင်းကဲ့သို့ စည်ပင်သာယာရေးကော်မတီများမှ သင်္ကြန်ကာလအတွင်း အရေးယူဆောင်ရွက်ရေး၊ ယင်းအရေးယူမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် တရားသူကြီးများ၊ ဥပဒေအရာရှိများကလည်း သင်္ကြန်ကာလရုံးပိတ်ရက်များဖြစ်သော်လည်း အချိန်ပြည့် တာဝန်ယူ ဆောင်ရွက်နေကြရသည်မှာ နှစ်စဉ်နှစ်တိုင်းပင်ဖြစ်ပါသည်။

မဟာသင်္ကြန်ကာလတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူတိုင်းက လိုက်နာဆောင်ရွက်ကြသလို မြန်မာ့ရိုးရာယဉ်ကျေးမှုအရလည်း အေးအေးချမ်းချမ်းနှင့် ပြည်သူတိုင်းက ကောင်းမွန်စွာသွားလာလည်ပတ် ရေကစားကြမည်ဆိုလျှင် အားလုံးအတွက် ကောင်းမွန်ကာ ပျော်ရွှင်မှုများ အပြည့်အဝ ရရှိကြမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် သင်္ကြန်ကာလတွင်းသွားလာလည်ပတ်ရာ၌ မော်တော်ယာဉ်များ မောင်းနှင်ရာတွင်လည်းကောင်း၊ စီးနင်းရာတွင်လည်းကောင်း စည်းကမ်းတကျ ကောင်းကောင်းမွန်မွန်ဖြင့် သတိထားပြီး မောင်းနှင်သွားလာကြရန် လိုအပ်လှပါသည်။ အကယ်၍ သင်္ကြန်အခါသမယ အများပြည်သူဆိုင်ရာ လမ်းများတွင် သတိလက်လွတ်စည်းကမ်းမဲ့စွာ အရမ်းမောင်းနှင်ခြင်း သို့မဟုတ် သရုပ်ပျက်စီးနင်းခြင်းများပြုလုပ်ပါက မိမိအတွက်လည်း အန္တရာယ်ရှိသလို အများပြည်သူအတွက်လည်း အန္တရာယ်ကြုံတွေ့ရနိုင်ပါသည်။

မိမိတစ်ဦးတစ်ယောက်အနေဖြင့် ဖော်ပြပါ အပြုအမူများကြောင့် ယာဉ်တိုက်မှုများ ပေါ်ပေါက်ပါက ထိခိုက်ဒဏ်ရာများရနိုင်သလို ယာဉ်တိုက်မှုပြင်းထန်ပါက အသက်များပါ သေဆုံးနိုင်ပါသည်။ မိမိ၏စည်းကမ်းမဲ့အရမ်းမောင်းနှင်မှုကြောင့် ယာဉ်တိုက်မှု ဖြစ်ပေါ်လာပါက မိမိကိုယ်တိုင်လည်း ထိခိုက်ဒဏ်ရာများရမည့်အပြင် ဥပဒေအရလည်း တရားစွဲဆိုခံရနိုင်ပါသည်။ အကယ်၍ မိမိသည် အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် အရမ်းမောင်းခြင်း သို့တည်းမဟုတ် သရုပ်ပျက်စီးနင်းခြင်း ပြုလုပ်ခဲ့ပါက ရာဇသတ်ကြီးအက်ဥပဒေ ပုဒ်မ ၂၇၉ အရ တရားစွဲဆိုခံရနိုင်ပါသည်။ ယင်းဥပဒေမူရင်းအား ဗဟုသုတအဖြစ် သိရှိနိုင်ရန် တင်ပြရပါလျှင်-

ရာဇသတ်ကြီးအက်ဥပဒေပုဒ်မ ၂၇၉ ။ ။ မည်သူမဆို လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးအားနာကျင်စေတန်လောက်အောင်၊ သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော်လည်းကောင်း၊ အရမ်းဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ အများပြည်သူဆိုင်ရာ လမ်းပေါ်၌ ယာဉ်ကိုမောင်းလျှင် သို့တည်းမဟုတ် စီးလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်”ဟု ပြဋ္ဌာန်းထားပါသည်။

သင်္ကြန်ကာလတွင် တချို့သောပြည်သူများမှာ ပျော်ရွှင်မှုအဖြစ် အရက်သေစာများ သောက်သုံးလေ့ရှိကြပါသည်။ အကယ်၍ အရက်များသောက်စားထားပါက ယာဉ်မောင်းနှင်ခြင်း၊ စီးနင်းခြင်းများ မပြုသင့်ပါ။ မိမိမှ အရက်သေစာသောက်ထား၍ မူးယစ်နေပါလျက်နှင့် ယာဉ်များကို မောင်းနှင်သွားလာမည်ဆိုပါက ယာဉ်တိုက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ မိမိ၏စည်းကမ်းမဲ့ အရမ်းမောင်းနှင်ခြင်း၊ ပေါ့လျော့စွာ မောင်းနှင်ခြင်းများကြောင့် အခြားအပြစ်မဲ့သော ပြည်သူများအား နာကျင်စေခြင်း၊ နစ်နာစေခြင်းများ ခံစားရစေသည့်အပြင် အခန့်မသင့်ပါက အသက်အန္တရာယ်ကိုပါ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် မိမိ၏ စည်းကမ်းမဲ့အရမ်းမောင်းနှင်ခြင်းကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်စေပါက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာ နှစ်စဉ်ကျင်းပနေသော မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို အရုပ်ဆိုးအကျည်းတန်အောင် ပြုလုပ်ရာရောက်သွားနိုင်ပါသည်။

သို့ပါ၍ မဟာသင်္ကြန်ရေသဘင်ပွဲတော်အခါသမယတွင် ပြည်သူတိုင်း ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်အတွက် အများပြည်သူလမ်းမပေါ်တွင် အရမ်းမောင်းခြင်း သို့မဟုတ် သရုပ်ပျက်စီးနင်းခြင်းများ မပြုလုပ်ကြရန်လိုအပ်ပါကြောင်း။

အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲ၌ မီးငြိမ်းသတ်နည်းသရုပ်ပြ

နေပြည်တော် မေ ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် အင်ကြင်းဈေး အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၁၃)သင်တန်းဆင်းပွဲကို မေ ၉ ရက်က အဆိုပါဈေးတွင် ကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော် တက်ရောက်အမှာစကားပြောကြားပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းထွန်းနှင့် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ပြီး မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြသခြင်း (အပေါ်ပုံ)များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ကုန်သေတ္တာတင်နောက်တွဲယာဉ်များ ရပ်နားထားမှု ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်

ရန်ကုန် မေ ၁၃

မေ ၁ ရက်နေ့မှစ၍ ကမ်းနားလမ်းသစ်ကြီးပေါ် ဖြတ်သန်းသွားလာသော ယာဉ်မျိုးစုံထံမှ လမ်းအသုံးပြုခကောက်ခံနေပြီး ကမ်းနားလမ်းဟောင်း၏ ကြည့်မြင်တိုင်ဟုမ်းလမ်းဆုံထိပ်မှ ဗိုလ်တထောင်အထိ အရှည်ခြောက်မိုင်ခန့်ထိအပိုင်းကို ကုန်တင်ယာဉ်ကြီးများ သွားလာခွင့်မပြုသော်လည်း ယင်းကမ်းနားလမ်းမအဟောင်း အထူးသဖြင့် ကိုင်းတန်းလမ်းထိပ်မှ သစ်တောလမ်းအထိ အသစ်ပြုလုပ်ထားသော အခမဲ့ယာဉ်ရပ်နားစခန်း နေရာသစ်များနှင့် သစ်တောလမ်းမှ သီရိမင်္ဂလာဈေးဟောင်းထိ ကမ်းနားလမ်းဟောင်းဘေးတွင် ခြောက်ဘီး ကုန်တင်ယာဉ်ကြီးများ၊ နောက်တွဲများ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ် အလွတ်ယာဉ်များ တန်းစီရပ်နားထားသည်ကို တွေ့မြင်နေရဆဲဖြစ်ကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ကုန်တင်ယာဉ်ကြီး များသွားလာခွင့်မပြုထားသော ကမ်းနားလမ်းဟောင်း၏ ကမ်းနားလမ်းသစ်နှင့်အပြိုင် အပိုင်းများတွင် ကုန်တင်ယာဉ်ကြီးမျိုးစုံ အသုံးပြုရပ်နားထားသည်မှာ အိမ်စီးယာဉ်ငယ်များ အပါအဝင် ယာဉ်လေးများအတွက် သွားလာ ရပ်နားရေးတွင် အခက်အခဲဖြစ်စေကြောင်း၊ ကုန်သေတ္တာတင်ယာဉ်များအနေဖြင့် သက်ဆိုင်ရာမှ ခွင့်ပြုပေးထားသော ခေတ်မီကုန်သေတ္တာတင် ယာဉ်ရပ်နားစခန်းတွင်သာ ရပ်နားသင့်ကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။

(မောင်စေအောင်)

အများသိစေရန်

ခရမ်းဆရာကြီး ဦးချစ်တင်၏ သမီးဖြစ်သူ ဒေါ်ခင်စမ်းမော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၅-၄-၂၀၁၃ရက်ထုတ် စံတော်ချိန် သတင်းစာ၊ စာမျက်နှာ (၅)တွင်လည်းကောင်း၊ ၁၆-၄-၂၀၁၃ရက်ထုတ် စောင့်ကြည့်(News Watch) သတင်းဂျာနယ်၊ မျက်နှာဖုံးနှင့်အတွင်းစာမျက်နှာ (၁၉)တွင်လည်းကောင်း ရေးသားဖော်ပြချက်တို့မှာ ကာယကံရှင်ဖြစ်သူ မောင်းသန်းဝင်း၏ တစ်ဖက်သတ်ပြောကြားချက်တို့ကိုသာအခြေခံ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထိုသို့ တစ်ဖက်သတ်ပြောကြားချက်အပေါ် အခြေခံရေးသားဖော်ပြထားသည့်အတွက် ကွယ်လွန်သူမိတ်ဆွေ ခရမ်းဆရာကြီးဦးချစ်တင်၏ မိသားစုအား ဂုဏ်သိက္ခာများစွာ ထိခိုက်စေပါသည်။ ကွယ်လွန်သူမိတ်ဆွေအနေဖြင့် ဖြစ်ရပ်အမှန်များကို သက်သေအထောက်အထား ခိုင်လုံစွာဖြင့် အမှန်တရားပေါ်ပေါက်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နောက်နောင်တွင် ထိုကဲ့သို့တစ်ဖက်သတ်ပြောကြားချက်များအပေါ် အခြေခံ၍ ရေးသားဖော်ပြခြင်းများမပြုလုပ်ပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတိုးမောင်
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၃၅၀၀)
အမှတ်(၅၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၃၄၂၄၉၀

ပြင်ဆင်ဖတ်ရှုပေးပါရန်

မေ ၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၁)တွင် ဖော်ပြပါရှိသော ညီလေးခင်၏ဖတ်စရာမှတ်စရာတွင် မြူမှောင်ဝေနှင်း (အစား) “မြူမှောင်ဝေကင်း”ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ညီလေးခင် (လသယ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သတင်းအတိုအထွာ

အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာသကျ အတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ရွှေဟောင်းသမိုင်းဝင် ငါးထပ်ကြီးဘုရားကြီး၏ စတုတ္ထအကြိမ် အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ မင်္ဂလာအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီတွင် ငါးထပ်ကြီးဘုရား ဒေါ်သော့ရွှေဟောင်းတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင် ဦးကျော်ရွှေက သင်တန်းအခြေအနေ၊ ဆုချီးမြှင့်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၁၂၀ တို့အား ဆုနှင့် အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။ **(ကြေးမုံ)**

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဒိုက်ဦးမြို့၌ ကျင်းပ

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ဒရယ်မီးရပ်ကွက် မြို့သစ်ကျောင်းတိုက်ဆရာတော် ဦးဝိဇ္ဇောဘာသ ဦးစီး၍ တတိယအကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို မတ် ၁၇ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ သင်တန်းကာလ ငါးရက်အတွင်း ရန်ကုန်မြို့ မင်္ဂလာဗျူဟာအသင်းချုပ်မှ ဆရာဦးအောင်မောင်း၊ ဆရာမဒေါ်မိုးမိုးစိုးဟိန်း၊ ဒေါ်စိုးစိုးဝင်းတို့နှင့်အတူ ဒေသခံဆရာမ ၁၀ ဦးတို့က သင်တန်းသားများအတွက် သိမှတ်ဖွယ်ရာအဖြာဖြာတို့ကို ဟောပြောပို့ချပေးခဲ့ကြောင်း၊ ယခုဖွင့်လှစ်သောသင်တန်းတွင် သင်တန်းသား ကျောင်းသားလူငယ်ပေါင်း ၄၅၀ တက်ရောက်သင်ယူကြကြောင်း သိရသည်။ **(ညိမ်းညိမ်းရွှင်)**

မိုးပွင့်(၅) စီမံချက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် (၅) စီမံချက်လုပ်ငန်းအရ မေ ၅ ရက်တွင် ရပ်ကွက်အတွင်း ကွင်းဆင်းပြီး ရပ်ကွက်နေပြည်သူတို့၏ လိုအပ်ချက်များဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ သန်းခေါင်စာရင်းထုတ်ပေးရေးလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် စယ်လန့်ကျေးရွာလူငယ်ဇရပ်တွင် မေ ၇ ရက်က ကျေးရွာတောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ခြင်းအခမ်းအနား ကျင်းပရာ ကျေးရွာပြည်သူ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးပြီး လက်မှတ်မရရှိသေးသူများအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ လျှောက်လွှာများအခမဲ့ရယူပြီး လျှောက်ထားကြရန်နှင့် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အယ်လ်စိုး(မူဆယ်)

ပြင်ဦးလွင် အနီးစခန်း နွေရာသီသင်တန်းဆင်း

ပြင်ဦးလွင်မြို့ အနီးစခန်းကွက်သစ် အနီးစခန်းစာကြည့်တိုက်အသင်းမှ နွေရာသီအင်္ဂလိပ်၊ ကွန်ပျူတာ၊ ဂီတာ၊ ဘောလုံး၊ တိုက်ကွမ်ဒို သင်ကြားပို့ချသော သင်တန်းဆင်းပွဲကို မေ ၆ ရက်က ကျင်းပသည်။ သင်တန်းသို့ အနီးစခန်းရပ်ကွက်ကြီးနယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ဒိုးပင်ပရဟိတကျောင်းမှ ကျောင်းသားများတက်ရောက်ခဲ့ပြီး အင်္ဂလိပ်၊ ကွန်ပျူတာ၊ ဂီတာ၊ ဘောလုံး၊ တိုက်ကွမ်ဒိုတို့ကို သင်ကြားပို့ချပေးခဲ့ပြီး ဘာသာရပ်အလိုက် သင်ကြားပို့ချပေးခဲ့သော ဆရာများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။ **(၆၁၃)**

နောင်ချိုမြို့နယ် ဒို့တောရွာစာကြည့်တိုက်ဖွင့်

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအုပ်စု အုမ္မခါးကျေးရွာ၌ “ဒို့တောရွာ” စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သန်းသန်းထွေး(နောင်ချို)

အကြိမ် (၂၀) မြောက် ပေကျင်းကျောင်းသားရုပ်ရှင်ပွဲတော် ဖွင့်ပွဲကျင်းပ

အကြိမ်(၂၀)မြောက် ပေကျင်းကျောင်းသားရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက်က Haidian ပြဇာတ်ရုံ၌ ထိုင်ဝမ်ရုပ်ရှင်ဒါရိုက်တာ Chang Jung-Chi ၏ မျက်မမြင်စန္ဒရားဆရာ တစ်ဦးအကြောင်းပုံဖော်ရိုက်ကူးထားသော Touch of the Light အမည်ရှိဇာတ်ကားဖြင့် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်သို့ ရုပ်ရှင်သရုပ်ဆောင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ထူးချွန်ကျောင်းသားများ တက်ရောက်ခဲ့ကြပြီး ယခုနှစ်ကျင်းပသည့် အကြိမ်(၂၀) မြောက် ရုပ်ရှင်ပွဲတော်ကို ပြည်တွင်းရုပ်ရှင်ကဏ္ဍ၊ တက္ကသိုလ်ရုပ်ရှင်ကဏ္ဍနှင့် မူရင်းရုပ်ရှင်ကဏ္ဍဟူ၍ အမျိုးအစားများခွဲခြားသတ်မှတ်ကာ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်တွင်းရုပ်ရှင်ကဏ္ဍတစ်ခုတည်းမှာပင် ရုပ်ရှင်ကားပေါင်း ၂၀၀ ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယင်းဆုပေးပွဲအခမ်းအနားတွင် ရုပ်ရှင်ဇာတ်လမ်းတိုများလည်း အများအပြား ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းရုပ်ရှင်ပွဲတော်သည် တရုတ်နိုင်ငံ၏ အထင်ကရရုပ်ရှင်ပွဲတော်များအနက် တစ်ခုဖြစ်ပြီး ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ကြောင်း၊ အဆိုပါ ဆုပေးပွဲ၏ ထူးခြားမှုတစ်ရပ်အနေဖြင့် တရုတ်ကျောင်းသားများမှ ၎င်းတို့နှစ်သက်သည့် မင်းသား၊ မင်းသမီး၊ ဒါရိုက်တာများကို မဲပေးရွေးချယ်ကာ special student’s choice award ကို ပေးအပ်ချီးမြှင့်မည့် ဆုပေးပွဲတစ်ခုလည်းဖြစ်သည်။

အဆိုပါဆုပေးပွဲ၏ ဆုရရှိကြသူများစာရင်းကို မေ ၁၃ ရက်တွင် မြို့တော်ပေကျင်းရှိ အိုလံပစ်အားကစားစင်တာ၌ ကြေညာပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အကြိမ်(၂၀)မြောက် ပေကျင်းကျောင်းသား ရုပ်ရှင်ပွဲတော်၏ ဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ်။

ဖြိုးစန္ဒာမြင့်
စုစည်းရေးသားသည်

ပြဇာတ်တွင် ပါဝင်သရုပ်ဆောင်မည့် ဟယ်ရီပေါ်တာမင်းသား ဒန်နီယယ်ရက်ကလစ်ဖ်

ဟယ်ရီပေါ်တာဇာတ်ကားမှ အဓိကသရုပ်ဆောင် ဒန်နီယယ်ရက်ကလစ်ဖ်က ဗြိတိန် ပြဇာတ်ဇာတ်ညွှန်းရေးဆရာ Martin McDonagh ၏ ပြဇာတ်ကို ဒါရိုက်တာ Michael Grandage က ပုံဖော်ရိုက်ကူးမည့် The Cripple of Inishmaan အမည်ရှိပြဇာတ်တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်လုပ်သူများက ပြောကြားသည်။

သရုပ်ဆောင် ဒန်နီယယ်ရက်ကလစ်ဖ်သည် ဟယ်ရီပေါ်တာဇာတ်ကားဖြင့် လူကြိုက်များလာခဲ့ပြီး ၎င်းသည် Equus ပြဇာတ်နှင့် How to Succeed in Business without Really Trying ပြဇာတ်တို့တွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့ဖူးသူတစ်ဦးဖြစ်သည်။

၎င်း၏နောက်ဆုံးရိုက်ကူးထားသော ပြဇာတ်ကို ဇွန် ၈ ရက်တွင် စတင်ပြသွားရန်စီစဉ်ထားပြီး ပြဇာတ်ရုံများ၌ တရားဝင်အနေဖြင့် ယင်းပြဇာတ်ကို ဇွန် ၁၈ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါပြဇာတ်တွင် ဒန်နီယယ်နှင့်အတူ ပူးတွဲသရုပ်ဆောင်များအနေဖြင့် Ingrid Craigie နှင့် Padraic Delaney တို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ပြီး ယင်းပြဇာတ်သည် ၁၉၉၆ ခုနှစ်က လန်ဒန်ရှိ အမျိုးသားပြဇာတ်ရုံ၌ ပထမဆုံးပြသခဲ့သည့် ပြဇာတ်ကိုအမှတ်တရပြန်လည်ရိုက်ကူးတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

Rosy Business 3: No Reserve ဇာတ်ကား စတင်ရိုက်ကူး

ဟောင်ကောင် ရုပ်သံဇာတ်လမ်းတွဲ တစ်ခုဖြစ်သော Rosy Business ဇာတ်ကား၏ တတိယမြောက် နောက်ဆက်တွဲ ဇာတ်လမ်းဖြစ်သည့် Rosy Business 3: No Reserve ဇာတ်ကားကို မင်းသား Wayne Lai နှင့် မင်းသမီး Myolie Wu တို့ဖြင့် စတင်ရိုက်ကူးနေပြီဖြစ်ပြီး ယင်းဇာတ်ကားတွင် ပါဝင်သည့် သရုပ်ဆောင်များအတွက် ပျော်ရွှင်ဖွယ် အခမ်းအနားတစ်ရပ်ကိုလည်း ကျင်းပပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ရိုက်ကူးမည့် ဟောင်ကောင် သရုပ်ဆောင် Wayne Lai သည် မကြာမီက နေမကောင်းဖြစ်ခဲ့ပြီး ယခုလက်ရှိတွင် ၎င်း၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိဘဲ ကောင်းမွန်နေပြီဖြစ်ကြောင်း၊ ၎င်းအတွက် စိုးရိမ်မနေဘဲ ပြည်သူများ၏ ကျန်းမာရေးကိုသာ မိမိတို့က စောင့်ရှောက်ပေးသင့်ပါကြောင်းနှင့် ဇာတ်ကား၏ ထုတ်လုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဇွန်လတွင် စတင်သွားဖွယ်ရှိကြောင်း သရုပ်ဆောင် Wayne Lai က ပြောကြားခဲ့သည်။

Rosy Business 3: No Reserve ဇာတ်ကားမှ သရုပ်ဆောင်များ။

မြန်မာ့ရိုးရာထိန်းသိမ်းပါ

သူလည်းပဲ တို့လိုပဲ

ဂျပန်နိုင်ငံ အဆာဟိ ရုပ်/သံဌာနက အာရှဒေသတစ်လွှား ခရီးသွားမှတ်တမ်းဇာတ်လမ်းတွဲများ ရိုက်ကူးနေရာမှာ မြန်မာနိုင်ငံတွင်လည်း ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ သွားသောခရီးစဉ်တစ်ခုကို ရန်ကုန်မြို့ ဆူးလေကားမှတ်တိုင်တွင် ဧပြီ ၈ ရက် ညနေပိုင်းတွင် လာရောက်ရိုက်ကူးခဲ့သည်။

မြန်မာနိုင်ငံတွင် ခုနစ်ရက်ကြာ လာရောက်ရိုက်ကူးသော ထိုဇာတ်လမ်းတွဲတွင် ဂျပန်နိုင်ငံမှ သရုပ်ဆောင်မင်းသမီး မီယာဇာဝါဆအေ့သည် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု၊ လမ်းကြောကြန့်ကြာမှုတို့ကြောင့် သူမ သွားရောက်ရမည့် တောင်ကြီးခရီးစဉ်အတွက် အဝေးပြေးကားဝင်းကို အချိန်မီရောက်နိုင်ပါ့မလားလို့ စိုးရိမ်နေသူတစ်ဦးအနေဖြင့် ပီပီပြင်ပြင် သရုပ်ဆောင်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

(၇၀၁)

ကြက်သားစားသုံးမှု ပြည်တွင်း၌တိုးလာ ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်လာချိန်တွင် နိုင်ငံတကာဈေးကွက်ဖောက်ရန် စီစဉ်မည်

ရန်ကုန် ဧပြီ ၁၃

ယခုအခါ ပြည်တွင်းဈေးကွက်တွင် ကြက်သားစားသုံးမှုတိုးလာခြင်းနှင့်အတူ ကြက်သားဈေး ကောင်းလာလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းတွင်ကြက်သား၊ ကြက်ဥစားသုံးမှုမှာလည်း မြင့်လာခြင်းဖြစ်သည်ဟု သိရသည်။ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်က “အရင်အပတ်က အသားတိုးကြက် ခြံဖမ်းဈေးက ၃၈၀၀၊ ဒီတစ်ပတ်တော့ ၃၅၀၀ ဖြစ်လာပါတယ်၊ ကြက်ဥဈေးက အရင်အပတ်မှာဆိုရင် ကျပ် ၉၀၊ အခု ၈၅ ကျပ်ရှိတယ်၊ ဈေးကွက်ကိုသုံးသပ်ရင် ပြည်တွင်းမှာ ကြက်သားစားသုံးမှုတက်လာတယ်”ဟု ပြောကြားသည်။

ပြည်တွင်းစားသုံးမှုအတွက် ဖူလုံစေရန်ထုတ်လုပ်လျက်ရှိပြီး တစ်ချိန်ချိန်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည့်အခါ မွေးမြူရေး Sector ကို ပိုမိုဖွံ့ဖြိုးစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းတွင် ကျယ်ကျယ်ပြန့်ပြန့် မြှုပ်နှံလာခြင်းနှင့်အတူ မွေးမြူရေးကဏ္ဍအနေဖြင့် International ဈေးကွက်တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန် ကြိုးပမ်းလျက်ရှိကြောင်း သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များပုံမှန်တွေ့ဆုံပွဲ အခမ်းအနားမှ ပြောကြားချက်အရ သိရသည်။

ထက်ခိုင် (စမ်းချောင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင်ရှိသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)နှင့် ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ) တို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းအသီးသီးအား (၂-၅-၂၀၁၃) ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းများ၏ ၂၀၁၂-၂၀၁၃ခုနှစ် ပညာသင်နှစ်အတွက် ပထမနှစ်ဝက်စာမေးပွဲအား (၆-၅-၂၀၁၃) ရက်နေ့မှ (၁၇-၅-၂၀၁၃) ရက်နေ့အထိ ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြင်ဆင်သတ်မှတ်ခြင်း

၁၂-၄-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၂)တွင် ကြေညာသည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ခန့်ထားရန် အငယ်တန်းစာရေးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူမှု၌ ပညာအရည်အချင်းသတ်မှတ်ချက်အား BE(Civil), BE(Machenical), BE(Electrical), BCSC, B.Econ, B.Con, LLB, BA(Eng)ဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရရှိပြီး အင်္ဂလိပ်စာအရေး၊ အပြောတတ် ကျွမ်းသူ(သို့)ကွန်ပျူတာကျွမ်းကျင်သူများဖြစ်ရမည့်(အစား) တက္ကသိုလ်တစ်ခုခု မှ ဘွဲ့တစ်ခုရရှိပြီးသည့် သူများလျှောက်ထားနိုင်ကြောင်း ပြင်ဆင်သတ်မှတ် ပါသည်။

လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးခင်မောင်စိုး-ဒေါ်မိုးမိုးအေးတို့၏ သမီး မကေသီစိုး [၁၂/ဥကတ(နိုင်)၁၈၈၀၇၄]သည် မိဘများအားစိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပြီး ၁၀-၄-၂၀၁၃ရက်တွင် အိမ်မှဆင်းသွားပါသဖြင့် သားသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအားလုံးကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးခင်မောင်စိုး[၉/မနတ(နိုင်)၀၉၆၂၃၂]

GOLDEN STAR
Ph: 209200, 430480, 544383

GOLDEN STAR Travels & Tours
Apr-12
Apr-12
Apr-12
Apr-12
Apr-12,13,17
Ph: 209200, 544383, 430480, 703446, 09-5081580

JADE Travel & Tours
26.4.2013

392086, 09 5503812

ပရီမီယာလိဂ်ပွဲကျန်ရင်ခုန်သံ

လာမယ့်မေ ၁၆၊ ၁၇ ရက်များမှာ ပရီမီယာလိဂ်ပွဲစဉ်(၁၉)ရဲ့ ပွဲကျန်တွေကို ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲကျန်တွေအထဲမှာ အာဆင်နယ်၊ မန်စီးတီး၊ မန်ယူ၊ ချယ်လ်ဆီးတို့လို အသင်းကြီးတွေရဲ့ ပွဲစဉ်တွေဖြစ်နေတာကြောင့် ပွဲတိုင်းဟာ စိတ်ဝင်စားဖို့ကောင်းနေပြီး ပရိသတ်တွေ ကြိုတင်လေ့လာနိုင်ဖို့အတွက် ရည်ရွယ်ပြီးတင်ပြပေးလိုက်ပါတယ်။

အာဆင်နယ် - အဲဗာတန် — နံနက် ၁း၁၅(၁၇-၄-၂၃)

ပထမအကျော့ရလဒ် — အဲဗာတန် ၁ - ၁ အာဆင်နယ်

အာဆင်နယ်အတွက် လက်ရှိအချိန်ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် အရေးပါနေသလို အဲဗာတန်အနေနဲ့လည်း အခုအချိန်မှာ ဥရောပဝင်ခွင့်ရရှိရေး အရေးပါနေတာကြောင့် ဒီနှစ်သင်း ဆုံတွေ့မှုက စိတ်ဝင်စားစရာကောင်းပါတယ်။ လက်ရှိဒီနှစ်သင်းရဲ့ ခြေစွမ်းပိုင်းကိုနှိုင်းယှဉ်ကြည့်မယ်ဆိုရင် နှစ်သင်းစလုံးဟာ တည်ငြိမ်တဲ့ ခြေစွမ်းတွေကို ပိုင်ဆိုင်ထားကြပါတယ်။ ဒီနှစ်သင်းရဲ့ ကစားဟန်က ကွဲပြားမှုရှိပြီး အဲဗာတန်က ကစားပုံမာကျောလို့ ခပ်ကြမ်းကြမ်းတုံ့ပြန်ကစားလာရင် အာဆင်နယ်အနည်းငယ်အခက်တွေ့နိုင်ပါတယ်။ ဒါပေမယ့် ကွင်းက အာဆင်နယ်ကွင်းဖြစ်ပြီး အာဆင်နယ်ကလည်း အိမ်ကွင်းမှာ အမှားအယွင်း အဖြစ်ခံမှာ မဟုတ်ပါဘူး။

မန်စီးတီး - ဝီဂန် — နံနက် ၁း၁၅(၁၈-၄-၁၃)

ပထမအကျော့ရလဒ် — ဝီဂန် ၀ - ၂ မန်စီးတီး

နှစ်သင်းစလုံး အက်ဖ်အေဖလားပွဲကစားခဲ့ရမှာခြင်းတူပေမယ့် ချယ်လ်ဆီးနဲ့ ကစားခဲ့ရမယ့် မန်စီးတီးက ပွဲပိုပန်းနိုင်ပါတယ်။ မန်စီးတီးအနေနဲ့ အိမ်ကွင်းမှာ လာကစားရမှာဖြစ်တဲ့အပြင် လက်ရှိခြေစွမ်းပိုင်းနဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကောင်းမွန်နေတဲ့ ဝီဂန်က တန်းမဆင်းရဖို့ အားစိုက်လာရင်ကစားရခက်ခဲနိုင်ပါတယ်။ အထူးသဖြင့် ဝီဂန်ရဲ့ အသင်းလိုက်ကစားပုံနဲ့ ရှုန်းအားကလည်း ကောင်းမွန်နေပါတယ်။ ဒါ့အပြင် ရှေ့ပွဲကစားရမယ့်အနေအထားအရ ဒီပွဲမတိုင်ခင်မှာ ဝီဂန်က မန်စီးတီးထက် နားရက်ပိုရထားလို့ လန်းဆန်းမှုက ပိုကောင်းနိုင်ပါတယ်။ မန်စီးတီးနိုင်မယ်ဆိုရင်တောင် မပြတ်သားနိုင်တာကို သတိပြုရမယ်။

(ဆက်လက်ဖော်ပြပါမည်)

ရှိုင်းမင်းမင်း

ဒါရက်ခ်ချီဆိုရာနှင့် ဟက်တာအယ်လ်ဖရတ်ဒိုအဗီလာ မေ ၂၀ တွင် ဝင်ဘလေ၌ ယှဉ်ပြိုင်ထိုးသတ်မည်

ဗြိတိန်ဟဲဗီးလ်ဝိတ်လက်ဝှေ့ကျော် ဒါရက်ခ်ချီဆိုရာနှင့် အာဂျင်တီးနား လက်ဝှေ့သမား ဟတ်တာအယ်လ်ဖရတ် ဒိုအဗီလာတို့သည် မေ ၂၀ ရက်တွင် လန်ဒန်မြို့ရှိ ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အသက် (၂၉)နှစ်အရွယ်ရှိ ဗြိတိန်လက်ဝှေ့ကျော် ဒါရက်ခ်ချီဆိုရာသည် ၂၀၁၂ ခုနှစ် ဇူလိုင်လက လက်ဝှေ့ကျော် ဒေးဗစ်ဟေးကို ရှုံးနိမ့်ခဲ့ပြီး လူဇင်ဘတ်လက်ဝှေ့ဖက်ဒရေးရှင်းမှ လက်ဝှေ့ထိုးသတ်ခွင့်လိုင်စင် ပြန်လည်လျှောက်ထားခဲ့သည်။

ဒါရက်ခ်ချီဆိုရာသည် ဗြိတိန်လက်ဝှေ့လိုင်စင် ထိန်းသိမ်းရေးဘုတ်အဖွဲ့ထံမှ လက်ဝှေ့ထိုးသတ်ခွင့်လိုင်စင်ကို ပြီးခဲ့သည့်လက ပြန်လည်ရရှိခဲ့ပြီး လက်ရှိတွင် ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ဒါရက်ခ်ချီဆိုရာက ပြောကြားခဲ့သည်။

ဇင်ဘာဘွေနွယ်ဖွား ဗြိတိန်လက်ဝှေ့ကျော် ချီဆိုရာသည် ၎င်း၏နောက်ဆုံးထိုးသတ်ခဲ့သော ပြိုင်ပွဲငါးပွဲတွင် လေးပွဲရှုံးနိမ့်ခဲ့ပြီး လက်ရှိအချိန်တွင် ၃၃ ကြိမ်မြောက် ယှဉ်ပြိုင်ထိုးသတ်မည့်စံချိန်နှင့်အတူ အသက်(၃၇)နှစ်အရွယ်ရှိ အာဂျင်တီးနား လက်ဝှေ့ကျော် ဟတ်တာအယ်လ်ဖရတ်ဒိုအဗီလာကို အလဲထိုးကာ အောင်မြင်မှုပြန်လည်ရယူမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ရည်ရွယ်ထားသော်လည်း တစ်နှစ်နီးပါးကြာပြီးမှ ကြိုးဝိုင်းအတွင်းသို့ ပြန်လာရသည်ဖြစ်၍ စိတ်လှုပ်ရှားနေကြောင်း ချီဆိုရာက ဆိုသည်။

သို့ရာတွင် အဗီလာကို အလဲထိုးကာ အခြားပြိုင်ဘက်များထဲမှ တစ်ဦးကို စိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရန် ရည်ရွယ်ထားကြောင်း ဗြိတိန်လက်ဝှေ့ကျော် ဒါရက်ခ်ချီဆိုရာက ပြောကြားခဲ့သည်။

နိုင်လင်းကြည်

မက်ဒါးမော့အား လိဗ်ဒ်စ်ယူနိုက်တက်အသင်း နည်းပြအသစ်အဖြစ် ခန့်အပ်

ချန်ပီယံရှစ်ကလပ် လိဗ်ဒ်စ်ယူနိုက်တက်အသင်းသည် ရီးဒင်းအသင်းမန်နေဂျာဟောင်း မက်ဒါးမော့အား သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ အသင်း၏နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

လိဗ်ဒ်စ်ယူနိုက်တက်အသင်းသည် ခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး တန်းဆင်းဇုန်အန္တရာယ်အတွင်း ကျရောက်နေခြင်းတို့ကြောင့် ပြီးခဲ့သည့်သီတင်းပတ်က နည်းပြနေးလ်ဝါးနော့ခ်နှင့် လက်တွဲနေရာမှ လက်တွဲဖြုတ်ခဲ့ပြီး ပြီးခဲ့သည့်လက ရီးဒင်းအသင်းမှ ထုတ်ပယ်ခံလိုက်ရသော နည်းပြမက်ဒါးမော့ကို ခန့်အပ်လိုက်ခြင်းဖြစ်သည်။

လိဗ်ဒ်စ်ယူနိုက်တက်အသင်းက ရီးဒင်းနည်းပြဟောင်းမက်ဒါးမော့ကို အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ခြင်းသည် ၂၀၁၄ ခုနှစ်မှ စတင်ကာ နည်းပြအပြောင်းအလဲ မြန်မှုကြောင့် မက်ဒါးမော့သည် လိဗ်ဒ်စ်ယူနိုက်တက်အသင်းအတွက် ခြောက်ဦးမြောက်နည်းပြဖြစ်လာကြောင်း သိရသည်။

စာတည်းမှူးထံရောက်ရှိလာသော ပေးစာများ

လူနေရပ်ကွက်အတွင်းမှ မီးသွေးတောင့်လုပ်ငန်း ဖယ်ရှားပေးပါ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက် ဇေယျာမြိုင်လမ်းနှင့် အင်းဝလမ်းထောင့်ရှိ မျက်နှာချင်းဆိုင် အိမ်နှစ်အိမ်သည် မီးသွေးမှုန့်အတောင့်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ မီးသွေးမှုန့်အိတ်များကို လမ်းဘေးမြေပေါ်တွင် စုပုံထားရာ မီးသွေးမှုန့်များ ပတ်ဝန်းကျင်သို့ပျံ့နှံ့ပြီး စက်ဖြင့်ကြိတ်ရာမှ ထွက်ပေါ်လာသော ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသဖြင့် အဆိုပါလုပ်ငန်းအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် ပေးပို့လာသောစာ။

စည်းကမ်းမဲ့ ပစ္စည်းအဟောင်းဝယ်သောဆိုင် ဖယ်ရှားပေးပါ

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် လမ်း(၁၂၀)အတွင်းရှိ ပစ္စည်းအဟောင်းများ ဝယ်ယူသော အိမ်တစ်အိမ်သည် ဝယ်ယူပြီး ပစ္စည်းအဟောင်းများကို စည်းကမ်းမဲ့ စုပုံထားရာ မော်တော်ယာဉ်သွားလာမှုခက်ခဲခြင်း၊ လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ရုံမျှမက ပစ္စည်းအဟောင်းများ ကားပေါ်တင်၊ချရာမှ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြလာသောစာ။

မီးဘေးအန္တရာယ်ကာကွယ်ရေး အမှိုက်ပုံကြီးရှင်းပေးပါ

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ၂/က စံပြရပ်ကွက် ဦးညိုတံတားထိပ်အနီးတွင် အမှိုက်ပုံကြီးရှိပြီး တစ်နေ့တခြား ထုထည်ပမာဏကြီးမားလာလျက်ရှိရာ လူနေအိမ်များနှင့် နီးကပ်နေပါသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပြီး ကြွက်၊ ခြင်၊ ယင်များ ပေါက်ပွားနေမှုကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသောကြောင့် သက်ဆိုင်ရာမှ အမြန်ရှင်းလင်းပေးပါရန် တင်ပြလာသောစာ။

လမ်းအတွင်းမှအလူမီနီယံလုပ်ငန်း ပြောင်းရွှေ့စေလို

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် အောက်လမ်းရှိ အလူမီနီယံလုပ်ငန်းမှ ထွက်ရှိသော စက်ဖြတ်သံများ၊ ထုရိုက်သံများကြောင့် လမ်းအတွင်းရှိ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ၊ ရပ်ကွက်နေသူများ နားမခံနိုင်အောင် နေ့စဉ်နှင့်အမျှ ခံစားနေရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်း မပျက်စီးစေလို

ဒဂုံမြို့သစ်(တောင်ပိုင်း)၁၈/စီ ရပ်ကွက် ကျွန်းရွှေမြိုင်လမ်းပေါ်တွင် မြို့နယ်စည်ပင်သာယာရေးဌာနသို့ တရားဝင်ခွင့်ပြုမိန့်မယူဘဲ အဆောက်အအုံများ ဆောက်လုပ်နေကြရာ အုတ်၊သဲ၊ကျောက်များ မတန်တဆတင်ဆောင်၍ အများပိုင်ကိုယ်ထူကိုယ်ထလမ်းပေါ်မှ သွားလာလျက်ရှိရာ လမ်းမှာကွဲအက်ပျက်စီးနေပါသည်။ ထို့အတူ ကျွန်းရွှေမြိုင်လမ်းပေါ်တွင် စည်ပင်ဥပဒေများကို ချိုးဖောက်ပြီး အများပိုင်နောက်ဖေးလမ်းကြားများကို အခိုင်အမာခြံခတ်ခြင်း၊ လူသွားလမ်းများကို ခြံစည်းရိုးခတ်ခြင်း၊ အဝီစိတွင်းများ တူးနေခြင်းတို့ကြောင့် ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလာသော စာများပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စာကြည့်တိုက်လက်ထောက်(၄) ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် လိုအပ်သည့် စာကြည့်တိုက် လက်ထောက်(၄)၊ လစာနှုန်း (၆၇၀၀၀-၁၀၀၀-၇၂၀၀၀) ရာထူးနေရာများတွင် အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ/ သတ်မှတ်ချက်များ ပူးတွဲတင်ပြ၍ နီးစပ်ရာ နည်းပညာတက္ကသိုလ်/ကွန်ပျူတာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် (၃၀-၄-၂၀၁၃) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးခြင်းခံရမည်-

(က) ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) B.A (Library and Information Studies) သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိသူဖြစ်ရမည်။ စာကြည့်တိုက် ဒီပလိုမာရရှိသူများအား ဦးစားပေးစဉ်းစားမည်ဖြစ်ပါသည်။
(ဂ) (၃၀-၄-၂၀၁၃) ရက်တွင် အသက် (၂၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
(ဃ) (၆)လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊
(ဇ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊
(ဈ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

၂။ သတ်မှတ်ချက်ကိုက်ညီပြီး လူတွေ့စစ်ဆေးခြင်းခံရသူများသည် (ဘွဲ့/ နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/ အလုပ်သမား မှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိလိုပါက နီးစပ်ရာ နည်းပညာတက္ကသိုလ်/ ကွန်ပျူတာတက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဂုဏ်ယူဝမ်းမြောက်ခြင်း

Siam Cement Group (SCG) မှ

၂၉-၃-၂၀၁၃ နေ့ (Convention Hall, Centara Grand Hotel, Bangkok, Thailand) ၌

ကျင်းပပြုလုပ်သည့် **SCG Trading Top Dealer Award 2012** ပွဲတွင်

"ဆင်တံဆိပ်" ဘိလပ်မြေ တင်သွင်းမှုအများဆုံး

The Best Importer (2012) ဆု ရရှိခဲ့သော

Shwe Mè Co.,Ltd.

အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာ လုပ်ငန်း စီးပွားရေးတာဝန်များကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း လိုက်လံ၍စွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးကျော်လင်း	Kaytumadi Co.,Ltd	ဦးသိန်းစု	Than Lar Mon Co.,Ltd
ဦးတင်ထွန်း	Ngwe Taik Soe Co.,Ltd	ဦးရဲမြင့်	Asia Myint Co.,Ltd
ဦးဆောင်းဟန်	Swam Myat Trading Co.,Ltd	ဦးအေးစိန်	Six Winner Brothers Co.,Ltd
ဦးမြင့်ဇော်	Lim Family Co.,Ltd	ဦးလှသန်း	Six Winner Brothers Co.,Ltd
ဦးမင်းကိုဦး	Ngwe Moe Family Co.,Ltd	ဦးလှမော်မြင့်မောင်	Thitsar Shwe War Co.,Ltd
ဦးကျော်စန်းမိုး	Moe Thet Co.,Ltd	ဦးမျိုးညွန့်	T.Team Stars Co.,Ltd
ဦးသိန်းဝင်း	Sein Htan Pin Co.,Ltd	ဦးတင်မောင်သိန်း	Mighty Swan Tdg Co.,Ltd
ဦးစိုးပိုင်	Paing Family Int'l Co.,Ltd	ဦးတင်မောင်လတ်	Chain Family Asset Co.,Ltd
ဦးမျိုးအောင်	Shwe Man Myay Co.,Ltd	ဦးမောင်စိန်	Golden Everest Co.,Ltd
ဦးကျော်လင်း	Diamond Prize Co.,Ltd	ဦးကြည်စိန်	Myanmar Teak Wood Industries Co.,Ltd
ဦးဝင်းဆောင်း	Shoon Myat Co.,Ltd	ဦးအိုက်မောင်	Golden Circle Co.,Ltd

အထက်မြန်မာပြည်သတင်း

ရေရှည်အကျိုးစီးပွားအတွက် ထန်းပင်ထန်းတောများပြုန်းတီးမှု အချိန်မီထိန်းသိမ်းသင့်

မုံရွာ ဧပြီ ၁၃

မုံရွာမြို့နယ်အတွင်း မြို့ပြဝန်းကျင် အနီး အများအပြားလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အုတ်လုပ်ငန်းများတွင် အုတ်ဖုတ်လောင်စာ ထင်းရှားပါးလာမှုကြောင့် ထန်းပင်၊ အုန်းပင်ကိုပင် ဝယ်ယူခုတ်လှဲကာ အသုံးပြုလာမှုကြောင့် ဒေသတွင်းရှိ ထန်းပင်ထန်းတောများ ပြုန်းတီးမှုဖြစ်လာနေကြောင်း သိရသည်။ ရှေးယခင်က အုတ်ဖုတ်လုပ်ငန်းသုံး လောင်စာထင်းများကို အထက်ချင်းတွင်းဒေသ သစ်တောကြီးများမှ ထွက်ရှိထုတ်လုပ်သည့် ကိုင်းဖျားကိုင်းနားသစ်သားထင်းများကို သယ်ယူအသုံးပြုခဲ့ကြသော်လည်း ယခုအခါ သစ်တောကြီးများပြုန်းတီးကာ လောင်စာထင်းများ ဝင်ရောက်မှုနည်းပါးလာခြင်း၊ ဈေးနှုန်းမြင့်မားကာ ရှားပါးလာခြင်းတို့ကြောင့် ဒေသတွင်းမှ ရနိုင်သည့်ရှားသားထင်း၊ သန်းသားထင်း၊ ဒဟတ်သားထင်း၊ တမာသားထင်း၊ သရက်သားထင်း၊ လက်ပံသားထင်း၊ ကုက္ကိုသားထင်းများသာမက ထန်းပင်၊ အုန်းပင်များကိုပါ ဝယ်ယူခုတ်လှဲအသုံးပြုလာကြကြောင်း သိရသည်။

"တစ်သောင်းထွက်မယ့် အုတ်ဖိုတစ်ဖို ကျက်ဖို့အတွက် ထင်းပွဆိုရင် ခြောက်တန်၊ ထင်းမာဆိုရင် လေးတန်ကုန်တယ်။ တချို့ထင်းစိုကို သုံးရင် ထင်းအကုန်သက်သာတယ်လို့ ထင်ကြတယ်။ တကယ်တော့ ထင်းစိုကို သုံးတာက ထင်းအခြောက်သုံးတာထက် ပိုပြီးကုန်တယ်။ ရှား၊သန်း၊ ဒဟတ်၊ တမာသားတွေကို ထင်းမာအနေနဲ့ သတ်မှတ်တယ်။ လက်ပံ၊ ကုက္ကို၊ သရက်၊ ထန်း၊ အုန်းအသားတွေကို ထင်းပွလို့ သတ်မှတ်တယ်။ အခုတောတောင်ပြုန်းပြီး သစ်သားထင်းတွေ ရှားလာတော့ ဒေသတွင်းက အလွယ်တကူရနိုင်တဲ့ ထန်းပင်၊ အုန်းပင်တွေကို ဝယ်ယူခုတ်လှဲပြီး အုတ်ထင်းအဖြစ် သုံးလာကြတယ်။ အုန်းပင်ကတော့ ဥယျာဉ်ခြံတွေက အသီးမသီးတော့တဲ့ အုန်းပင်အို၊ အုန်းပင်မြင့်တွေကို အလကားနီးပါး ပေးကြတယ်။ ထန်းပင်ကတော့ ဝယ်ကြရတယ်။ သက်တမ်းရင့် ထန်းတစ်ပင်ကို ကျပ်တစ်သောင်းဝန်းကျင်၊ အပင်ငယ်ရင် ကျပ်ငါးထောင်ဝန်းကျင် ပေးဝယ်ပြီး အုတ်ထင်းအဖြစ် သုံးနေကြတယ်" ဟု အုတ်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။**(ယာပုံ)**

"ထန်းပင်တွေကို ခုတ်လှဲပြီး အုတ်ထင်းအနေနဲ့ သုံးနေကြတာ အလွန်နှမြောစရာ ကောင်းတယ်။ တဖြည်းဖြည်းနဲ့ ထန်းပင်ထန်းတောတွေ ပြုန်းကုန်တော့မယ်။ ထန်းတစ်ပင်အရွယ်ရောက်ဖို့ နှစ်ပေါင်း ၅၀ လောက်စောင့်ရတယ်။ ထန်းလုပ်ငန်းစီးပွားရေးဆိုတာ ပုဂံခေတ်ကတည်းက ရှိခဲ့တာ။ ထန်းပင်ရဲ့ အသုံးဝင်ပုံက သုံးတတ်ရင် သုံးတတ်သလို တန်ဖိုးရှိတယ်။ တန်ဖိုးမြင့်တယ်။ ထန်းရွက်ကို အဆောက်အအုံ မိုးကြတယ်။ ထန်းလက်၊ ထန်းသားကို ပရိဘောဂလုပ်လို့ရတယ်။ အိမ်ဆောက်လို့ရတယ်။ ထန်းလျှော်ကို တောင်းရက်နိုင်တယ်။ ထန်းသီးကို လူစားလို့၊ နွားကျွေးလို့ ရတယ်။ ထန်းရည်၊ ထန်းလျက်ချက်လို့ရတယ်။ ထန်းပင်ရဲ့အသုံးဝင်ပုံတွေကတော့ အများကြီးပါ။ တန်ဖိုးရှိတဲ့ ထန်းပင်တွေကို တန်ဖိုးမြင့် ပစ္စည်းထုတ်လုပ်တာမဟုတ်ဘဲ အုတ်ထင်းဖြစ်ကုန်တာတော့ ဝမ်းနည်းစရာကောင်းတယ်။ ထန်းပင်တွေက အပူပိုင်းဒေသတွေမှာ ပေါက်ရောက်တာဖြစ်လို့ ထန်းတောတွေ ပြုန်းလာတာနဲ့အမျှ ကန္တာရဖြစ်ထွန်းမှု ပိုလာမယ်။ ထန်းတောတွေကို ထိန်းသိမ်းပေးရင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးကို အများကြီး အထောက်အကူပြုနိုင်တယ်။ သစ်တောတွေကို ထိန်းသိမ်းသလို နိုင်ငံတော်ရဲ့ ရေရှည်အကျိုးစီးပွားကို တွက်ဆပြီး ထန်းပင်ထန်းတောတွေ တည်တံ့အောင် ဒေသခံတွေကို စည်းရုံးပြီး စနစ်တကျထိန်းသိမ်းသွားသင့်တယ်"ဟု ပတ်ဝန်းကျင် ထိန်းသိမ်းရေး လိုလားသူတစ်ဦးက ပြောပြသည်။

(နန္ဒာမင်းလွင်)

ဈေးဝယ်လာသူဆိုင်ကယ်မောင်းနှင်သူများကြောင့် မိတ္ထီလာမြို့ဈေးကြီးအရှေ့ဘက် ယာဉ်ကြောပိတ်

မိတ္ထီလာ ဧပြီ ၁၃

မိတ္ထီလာမြို့ ဗဟိုဈေးကြီးအရှေ့ဘက်(ပိတောက်မြိုင်ဈေးကြီးအနီး)တွင် ဈေးဝယ်လာသူ ဆိုင်ကယ်မောင်းနှင်သူများကြောင့် ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားကြောင်း သိရသည်။**(အောက်ပုံ)**

"အရင်ကလည်း ဈေးအရှေ့ဘက်လမ်းမှာ ဆိုင်ကယ်တွေ၊ မြင်းလှည်းတွေ၊ ကုန်တင်ယာဉ်တွေ အသွားအပြန်မောင်းနှင်နေတာကြောင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုဖြစ်တယ်။ အခု အခါနီးဈေးဆိုတော့ ဈေးရောင်းဈေးဝယ်တွေကလည်း ဆိုင်ကယ်တွေနဲ့ လာကြတာများတယ်။ ပြီးတော့ လတ်တလောမှာ ဆိုင်ကယ်တွေကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိဘဲ မောင်းနှင်နေကြတယ်။ လမ်းကလည်း ကျဉ်းတော့ ပိုဆိုးတာပေါ့"ဟု ဈေးအရှေ့ပြင်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

မိတ္ထီလာဈေးကြီး ဈေးပတ်လမ်းအား တစ်လမ်းမောင်းစနစ်ဖြင့် စနစ်တကျ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမောင်းနှင်ကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများက အရှိန်အဟုန်မြှင့် အရေးယူဆောင်ရွက်နေသော်လည်း လိုက်နာမှုအားနည်းနေခြင်း၊ ဈေးကြီးအနီးပတ်ဝန်းကျင်လမ်းမများတွင် မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

(၇၁၉)

ပခုက္ကူသင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပ

ပခုက္ကူ ဧပြီ ၁၃

ပခုက္ကူမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များအတိုင်း ပခုက္ကူမြို့ပေါ်ရပ်ကွက်များမှ ယိမ်းအကအဖွဲ့များနှင့် သံချပ်အဖွဲ့များ ယှဉ်ပြိုင်ကပြဖျော်ဖြေနိုင်ရန် ဗဟိုဆုပေးမဏ္ဍပ်အား အမှတ်(၁၅)ရပ်ကွက် ဆင်ပေါက်လှကွက်သစ်မြို့မလမ်းရှိ မြို့နယ်စည်ပင်သာယာအဖွဲ့ပိုင် ပန်းခြံဘေးတွင် ဆောက်လုပ်လျက်ရှိသည်။

ယခုနှစ်မဟာသင်္ကြန်ပွဲတော်တွင် ဗဟိုဆုပေးမဏ္ဍပ်၊ မထသ ဆုပေးမဏ္ဍပ်နှင့် အမှတ်(၁၄)ရပ်ကွက် ဆုပေးမဏ္ဍပ်များ၌ ရပ်ကွက်ကိုယ်စားပြု ယိမ်းအဖွဲ့ ၁၁ ဖွဲ့၊ သံချပ်အဖွဲ့ ခုနစ်ဖွဲ့တို့သည် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အကြတ်နေ့ ညအထိ အလှည့်ကျ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး သင်္ကြန်အတက်နေ့ညတွင် ပြိုင်ပွဲဝင် ဆုများချီးမြှင့်ပေးမည့်အပြင် ရေကစားမဏ္ဍပ်များကိုလည်း ရပ်ကွက်များတွင် ဆောက်လုပ်၍ အတာရေသဘင်ပွဲ ဆင်နွှဲကြမည်ဖြစ်ပြီး ဗဟိုဆုပေးမဏ္ဍပ်နှင့် အခြားဆုပေးမဏ္ဍပ်များတွင် ရန်ကုန်အကအဖွဲ့များနှင့် ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်း သမီးငယ်များ၏ ဖျော်ဖြေမှုအစီအစဉ်များ ညစဉ်ဖျော်ဖြေတင်ဆက်ပြီး စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(၅၇၁)**

မိုဘိုင်းဖုန်းအမျိုးအစား လေးမျိုး စစ်ကိုင်းတိုင်းဒေသကြီး၌ အသုံးပြုလျက်ရှိ

စစ်ကိုင်း ဧပြီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုဘိုင်းဖုန်းအမျိုးအစား လေးမျိုး၊ စုစုပေါင်းလိုင်းအင်အား သုံးသိန်းကျော် အသုံးပြုလျက်ရှိကြောင်း တိုင်းဒေသကြီးဆက်သွယ်ရေးရုံးမှသိရသည်။ အဆိုပါမိုဘိုင်းဖုန်း အမျိုးအစားများမှာ CDMA 450 MHz (လိုင်း-၄၇၅၅၀)၊ CDMA 800 MHz (လိုင်း ၉၇၅၀)၊ GSM (လိုင်း ၂၆၈၄၅၀)၊ WCDMA (လိုင်း ၁၆၀၀၀)တို့ဖြစ်ပြီး စုစုပေါင်းလိုင်းအင်အား ၃၄၁၇၅၀ ဖြစ်ကြောင်း သိရသည်။ အဆိုပါမိုဘိုင်းဖုန်းလိုင်းများအပြင် ကြိုးဖုန်းများကိုလည်း အသုံးပြုလျက်ရှိပြီး မိုဘိုင်းဖုန်းသိပ်သည်းဆရာခိုင်နှုန်းများရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာတွင်လည်း ဖုန်းအမျိုးအစားအများအပြားကို အသုံးမပြုဘဲ နိုင်ငံတကာကွန်ရက်ဖြစ်သော GSM ဖုန်းလိုင်းကိုသာ နောက်ပိုင်းတွင် ထပ်မံချပေးတော့မည်ဖြစ်သောကြောင့် GSM ဖုန်းလိုင်းကိုသာ လူအများစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ လက်ရှိပြည်တွင်းတွင် သုံးစွဲနေသော မိုဘိုင်းဖုန်းအမျိုးအစားများမှာ CDMA 450 MHz ၊ CDMA 800 MHz ၊ CDMA 800 will ၊ MC 400 ၊ WCDMA ၊ GSM စသည်ဖြင့် အမျိုးအစားခြောက်မျိုး အသုံးပြုလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရွှေဘိုမြို့နယ်တရားမရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဒေါ်တူးတူးမာ နှင့် ဦးကျော်ငွေ

တရားလို **တရားပြိုင်**

ခင်ဦးမြို့၊ ပင်းတင်းကျေးရွာနေ ဦးကျော်ငွေ (ဘ-ဦးမြသန်း)တောင်သူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေဖိုးငွေ(၃၂၂၀၀၀ဝိ/-)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေ ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ ဧပြီလ ၃၀ရက် (၁၃၇၄ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ မတ်လ ၂၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်ဟန်
တွဲဖက်မြို့နယ်တရားသူကြီး
ရွှေဘိုမြို့နယ်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၉)၊ ဦးပိုင်အမှတ် (၁၉-ဆ)၊ ၇၃လမ်း × ၇၄ လမ်းကြား၊ ၃၂ လမ်း×၃၃ လမ်းကြား၊ ဦးစံဝင်း၊ ဦးထွန်းသိန်း၊ ဦးပျံနို့၊ ဦးထွန်းကျော်၊ ဦးမာ၊ ဦးသာမောင်အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်နုနု နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၆၀၄၅၃]၊ ဒေါ်မော်မော်စန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၆၀၄၅၄]၊ ဦးသန်းလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၆၀၄၄၈]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ပိုင်/ငြာစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(သ/ပုဗ္ဗသီရိမြောက်ရပ်)လမ်း၊ မြေကွက်အမှတ်(ပ-၄၈၁၀)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ရှိန်း(ဘ)ဦးဖိုးခ အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ရှိန်း(ဘ)ဦးဖိုးခမှ အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၂၈)ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ယ၊/၆၄၄၈၃၊ HANDA-125၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးသောင်းထွန်း မှတ်ပုံတင်အမှတ်[၅/စကန(နိုင်)၀၂၆၇၁၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၉)၊ ဦးပိုင်အမှတ်(၁၉-ဇ)၊ (ခဲစင်း)၊ ၇၃လမ်း×၇၄လမ်းကြား၊ ၃၁လမ်း×၃၂လမ်းကြား၊ ဦးစံဝင်း၊ ဦးထွန်းသိန်း၊ ဦးပျံနို့၊ ဦးထွန်းကျော်၊ ဦးမာ၊ ဦးသာမောင်အမည်ပေါက် ဘိုးဘမြေကွက်အား ဦးညွှန့်မောင်ညွှန့်(ခ)ညွှန့်ဝေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၇/သကန(နိုင်)၀၀၃၉၅၇]၊ ဦးညွှန့်အောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၂၃၅၈၄]၊ ဒေါ်မြင့်မြင့်သန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၆၀၄၅၁]၊ ဒေါ်ကြူကြူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၅၁၉၀၈]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ပိုင်/ငြာစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သတိကြီးစွာဖြင့် ကာကွယ်စောင့်ထိန်းသွားရမည့် နိုင်ငံရေးနှင့် စီးပွားရေးအမြတ်ထုတ်မှုများ

ကမ္ဘာပေါ်တွင် ဝါဒလမ်းစဉ်စနစ် ထွန်းကားစေကာမူ အုပ်ချုပ်သူအစိုးရအဖွဲ့နှင့် အစိုးရအဖွဲ့ကိုခေါင်းဆောင်သော နိုင်ငံ့ခေါင်းဆောင်တိုင်းသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်တွင်းနေပြည်သူများ၏ ဘဝလုံခြုံအေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်သွားနိုင်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သော **နိုင်ငံရေးတည်ငြိမ်ရန်**နှင့် ပြည်သူလူထုဗဟိုပြုသော စီးပွားရေးစနစ်ထွန်းကားရန် အစဉ်အမြဲအလေးထားစီမံဆောင်ရွက်မှုများ ပြုလုပ်နေကြရပါသည်။

စာရေးသူတို့၏နိုင်ငံတွင် ၂၀၁၁ ဧပြီလမှစ၍ နိုင်ငံတော်ကို စတင်ပြောင်းလဲတာဝန်ယူခဲ့သော နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် အစိုးရအဖွဲ့သည် စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံရေးတည်ငြိမ်မှုရရှိရန်နှင့် ဒီမိုကရေစီစနစ်အား ပြောင်းလဲချီတက်ရာတွင် အလွှာပေါင်းစုံ နယ်ပယ်အသီးသီးမှ ပြည်သူများအားလုံးပါဝင်နိုင်ရန် စီမံလျက်ရှိသည်။ ကုန်လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း ယုံကြည်ချက်နှင့် ခံယူချက်မတူညီမှုကြောင့် အကျဉ်းကျနေသော အကျဉ်းသားများအပါအဝင် အခြားနယ်ပယ် ကဏ္ဍအသီးသီးမှ အကျဉ်းကျခံ အကျဉ်းသားအားလုံးနီးပါးအား ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်ထောင့်တစ်ကဏ္ဍမှ အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်နိုင်က ပါဝင်နိုင်ရန် စေလွှတ်ခြင်းနှင့် အခြားမိတ်ဖက်နိုင်ငံရေးပါတီနှင့် အဖွဲ့အစည်းအသီးသီးအားလည်း ဒီမိုကရေစီစနစ် စည်းမျဉ်းစည်းကမ်းနှင့်အညီ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုပေးနေသည်။ အနာဂတ်ဒီမိုကရေစီနိုင်ငံပေါ်ထွန်းလာရန် ကြီးမားသောနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးနေသည်ဆိုသည်ထက် ခိုင်မာလေးနက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အား အုတ်မြစ်ချပေးနေသည်ဆိုလျှင် ပိုမိုမှန်ကန်လိမ့်မည်ဟု ထင်မြင်မိပါသည်။

ဒီမိုကရေစီစနစ်အား ပြောင်းလဲကျင့်သုံး၍ ဒီမိုကရေစီနိုင်ငံပေါ်ထွန်းလာရန် ဆောင်ရွက်ရာတွင် နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုရှိရန် အထူးလိုအပ်သည်ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ တစ်တိုင်းပြည်လုံးရှိ အလွှာအသီးသီးနှင့် နယ်ပယ်ကဏ္ဍအသီးသီးရှိ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူအားလုံးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအရှိန်ကို နှောင့်နှေးကြန့်ကြာစေမည့် အရောင်ဆိုးလွှမ်းမိုးမှုများနှင့် နိုင်ငံရေး၊ စီးပွားရေး အမြတ်ထုတ်မှုများကို အထူးအလေးထားဂရုပြုသွားရမည်ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် ဇွန်လတွင် ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်ခဲ့သည့် ဥပဒေမဲ့ကျူးလွန်လုပ်ဆောင်ခဲ့မှုမှအစပြု၍ ဘာသာဝင်များ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် မင်းမဲ့စရိုက်ဆန်စွာ ပြုမူဆောင်ရွက်ချက်များကြောင့် လူအချို့သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရမှုများနှင့် ၂၀၁၃ မတ်လအတွင်းဖြစ်ပေါ်ခဲ့သည့် မိတ္ထီလာမြို့မှ ရွှေဆိုင်တွင် သာမန်ကိစ္စတစ်ခုဖြစ်သော ရွှေအရောင်းအဝယ်ပြုလုပ်ရာမှ မကျေနပ်မှုစတင်ဖြစ်ပွားခဲ့ပြီး ဘာသာဝင်များအကြား ကြီးမားသောပဋိပက္ခဖြစ်မှုများကြောင့် မိတ္ထီလာမြို့တွင် လူအချို့သေဆုံးခဲ့ရသည့်အပြင် ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ထပ်မံဖြစ်ပွားခဲ့ရသည်။ နောက်ဆက်တွဲအနေဖြင့် နိုင်ငံအတွင်းရှိ မြို့နယ်အချို့သို့ပါ ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး မြို့ကြီးများသို့ပါ ဆက်လက်ကူးစက်ပြန့်ပွားမည့် အခြေအနေဆိုက်ရောက်လာ၍ အချိန်မီဟန့်တား ကာကွယ်မှုများ ဆောင်ရွက်ခဲ့ရပါသည်။

ဖော်ပြပါ ဖြစ်စဉ်များအား နိုင်ငံတော်မှ ငွေကျပ်ဘီလီယံပေါင်းများစွာ အကုန်ကျခံ၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အကုန်ကျခံဖြေရှင်းဆောင်ရွက်ပေးနေရမှုများသည် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် လိုအပ်သောကဏ္ဍများတွင် အသုံးပြုနိုင်မည့် ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးသွားသည်ဟုဆိုလျှင် မှားနိုင်မည်မဟုတ်ပါ။

နိုင်ငံတော်သမ္မတကြီးကလည်း ဖော်ပြပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူသို့ **မိန့်ခွန်းမြွက်ကြား**ရာတွင် နိုင်ငံရေးအမြတ်ထုတ်မှုနှင့် စီးပွားရေးအမြတ်ထုတ်မှုများအား အစွမ်းကုန်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားပြီးဖြစ်ပါသည်။ ရခိုင်ပြည်နယ်နှင့် မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သော အခြေအနေများသည် ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရန် နိုင်ငံတော်မှ အထူးအလေးထားအာရုံစူးစိုက် ဆောင်ရွက်နေမှုအား ဖျက်လိုဖျက်ဆီး လုပ်လိုသောကြောင့် ကောလာဟလသတင်းများ အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်အောင် ဖန်တီးလှုံ့ဆော်ဆောင်ရွက်ပေးပြီး အုပ်ချုပ်မှုယန္တရားအား ဟန့်တားနှောင့်ယှက်ဖျက်ဆီးလိုသောဆန္ဒဖြင့် နိုင်ငံရေးငြိမ်သက်မှုမရှိအောင် ပယောဂမကင်းသော ဖန်တီးလုပ်ဆောင်မှုများပါဝင်မည်ဟု ယူဆမိပါသည်။

နိုင်ငံရေးနှင့် စီးပွားရေးသည် အပြန်အလှန်ဆက်စပ်လျက်ရှိပါသည်။ အနည်းငယ်နိုင်ငံရေးတည်ငြိမ်မှု ထိပါးလာသည်နှင့် စီးပွားရေးသမားများသည် စီးပွားရေးအမြတ်ထုတ်ရန် အကွက်ချကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လေ့ရှိပါသည်။ နိုင်ငံတော်မှသာ ပြည်သူဗဟိုပြုစနစ်ပြောင်းလဲကျင့်သုံးနေသော်လည်း စီးပွားရေးသမားများအနေဖြင့် ပြည်သူများ အမှန်တကယ်အကျိုးရှိမည့် ကဏ္ဍပေါင်းစုံတွင် **တည်ငြိမ်သည့် ဈေးကွက်စနစ်တစ်ခု** ဖန်တီးနိုင်ရန်အတွက် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်မှုမျိုးမရှိသည်ကို တိုင်းပြည်တွင် အမှန်တကယ် တည်ငြိမ်မှုယိုယွင်းစရာကိစ္စအရေးအရာများ ဖြစ်ပေါ်ချိန်တွင်လည်းကောင်း၊ တည်ငြိမ်အေးချမ်းနေချိန်တွင်ပင် ကောလာဟလသတင်းဖန်တီး၍သော်လည်းကောင်း၊ ပြည်သူလူထုအတွက် အခြေခံလိုအပ်ချက်ဖြစ်သော စားသောက်ကုန်မှအစ အခြားသောကုန်ပစ္စည်းများအဆုံး **ဈေးကစား၊ ဈေးနှုန်းတက်**၍ စီးပွားရေးအမြတ်ထုတ်မှုများကို ပြုလုပ်နေခြင်းများက သက်သေပြလျက်ရှိပါသည်။

သာဓကတစ်ခုအနေဖြင့် မတ်လအတွင်းကျင်းပခဲ့သော အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းများ စာမေးပွဲဖြေဆိုချိန်တွင် နိုင်ငံတော်မှ ကျောင်းသား ကျောင်းသူများ စာကြည့်ချိန်တွင် လျှပ်စစ်မီးမပြတ်တောက်ရန်အတွက် စက်မှုဇုန်နှင့် အခြားစက်ရုံအချို့အား အလှည့်ကျစနစ်မီးပေးရန် ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်စီမံကိန်းများနှင့် အခြားအရပ်ဘက်ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍအသီးသီးတွင် မရှိမဖြစ်လိုအပ်သော ဘိလပ်မြေတစ်အိတ်၏ ဈေးနှုန်းမှာ ယခင် ကျပ် ၄၀၀၀ ကျော် ဝန်းကျင်မှ ကျပ် ၈၀၀၀ ဝန်းကျင်အထိ ဈေးတက်၍ စီးပွားရေးအမြတ်ထုတ်မှုများ လုပ်ဆောင်သွားခဲ့ကြပါသည်။ အိမ်နီးချင်းနိုင်ငံမှ မှာယူတင်သွင်းသော ဘိလပ်မြေများမှာလည်း နိုင်ငံခြားငွေဈေးလဲလှယ်နှုန်း သိသာသောပြောင်းလဲမှုမရှိသော်လည်း ပြည်သူ့အကျိုးငဲ့ညှာမှုမရှိဘဲ ပြောင်ပြောင်တင်းတင်း ဈေးတင်ရောင်းချမှုများ ပြုလုပ်ခဲ့ပါသည်။

နိုင်ငံတော်အပိုင်းက နိုင်ငံခြားမှ ကုန်ပစ္စည်းများ မှာယူတင်သွင်းရောင်းချရာတွင် လွယ်ကူစေရန်အတွက် ထုတ်ကုန်/သွင်းကုန်လိုင်စင်မှအစ အခြားကဏ္ဍပေါင်းစုံအား ဖြေလျှော့မှုများပြုလုပ်ပေးသော်လည်း ယင်းဖြေလျှော့မှုများသည် ပြည်သူများအတွက် အကျိုးခံစားရမှု မရှိသလောက် နည်းပါးပြီး သူတို့၏ကိုယ်ကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရန် အခွင့်ကောင်းများရရှိသွားသည်ကိုသာ တွေ့ရှိနေရပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအား စိတ်အေးချမ်းသာစွာ လျှောက်လှမ်းဖြတ်သန်းနိုင်ရန် ပြည်သူများထိတွေ့ဆက်ဆံနေရသော ကဏ္ဍပေါင်းစုံတွင် တည်ငြိမ်သည့် ဈေးကွက်စနစ်တစ်ခု ဖြစ်ပေါ်ထွန်းကားလာရန် နိုင်ငံတော်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်တို့မှ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအမံများချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် လည်းကောင်း၊ စီးပွားရေးကိစ္စများအား ကောင်းမွန်စွာ ပဲ့ကိုင်ထိန်းကျောင်းနိုင်ရန် ရည်ရွယ်ဖွဲ့စည်းပေးထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးနှင့် အခြားအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများအနေဖြင့်လည်း တည်ငြိမ်ပြီး **အတွပရ** ညီညွတ်မျှတသည့် **ဈေးကွက်စနစ်တစ်ခု** အမြန်ဆုံးပေါ်ထွန်းလာအောင် ဝိုင်းဝန်းဆောင်ရွက်ရမည့် အချိန်ရောက်ရှိနေပြီ ဖြစ်ပါသည်။

ဖြစ်လေ့ဖြစ်ထရှိသော ဥပဒေချိုးဖောက်မှုနှင့် သာမန်ကိစ္စများမှတစ်ဆင့် ကောလာဟလနှင့် သံသယတွေကို ဖန်တီးပေးမှုများအား ရပ်ချိန်တန်ပြီဖြစ်ပါသည်။ သီတဂူဆရာတော်ကြီး၏ ငြိမ်းချမ်းရေးသဝဏ်လွှာတွင် ဖော်ပြထားသော "ဘာသာတရားအားလုံးကို တည်ထောင်ခဲ့ကြတဲ့ ဘုရားသခင်အားလုံးတို့ဟာ လူသားအားလုံးတို့ကို ဆူပူသောင်းကျန်းမှုတွေပြုလုပ်ကြဖို့ မဟောကြားခဲ့ကြပါဘူး"ဟူသော တိုက်တွန်းပြောကြားစာပါအတိုင်း နိုင်ငံအတွင်းရှိ မိမိတို့ယုံကြည်ရာကိုးကွယ်နေကြတဲ့ အားလုံးသောပြည်သူများဟာ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရင်း ဒီမိုကရေစီနိုင်ငံ အမြန်ဆုံးဖြစ်ပေါ်ထွန်းကားရန်အတွက် အနှောင့်အယှက် အဟန့်အတားဖြစ်စေသော နိုင်ငံရေးနှင့် စီးပွားရေး အမြတ်ထုတ်မှုများအား သတိကြီးစွာဖြင့် ကာကွယ်စောင့်ထိန်းသွားကြရန် မွန်မြတ်သော စိတ်စေတနာဖြင့် အပြုသဘောဆောင်ရေးသားတင်ပြအပ်ပါသည်။ ။

ပြည်သူတစ်ဦး

၁။ဒေါ်သန်းစန်းဝေ[၁၂/စခန(နိုင်)၀၁၅၆၅၁]၂။ဒေါ်ကြည်ကြည်စိန်[၁၂/ကမတ(နိုင်)၀၂၁၂၃၆]၃။ဦးသာထွန်း[၁၂/စခန(နိုင်)၀၁၅၆၄၈]၄။ဒေါ်ခင်ညွန့်ရီ[၁၂/စခန(နိုင်)၀၁၅၆၄၉]၅။ဦးအောင်ကျော်[၁၂/စခန(နိုင်)၀၁၅၆၅၀]နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ ထန်းပင်အိမ်ရှင် ဘုရားငါးဆူလမ်းနေ အရွယ်မရောက်သေးသူ မောင်ကျော်မင်းခန့်(ခ)မင်းညီညီခန့်၏ အုပ်ထိန်းသူမိခင်ဒေါ်ခင်ခင်ဌေး[၁၂/သလန(နိုင်)၀၄၃၇၁၂]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ဒေါ်သန်းစန်းဝေပါ (၅)ဦးအနေဖြင့် ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးခင်အေး၊ ဒေါ်ရီတို့၏ ကျန်ရစ်သော အမွေပစ္စည်းများဖြစ် သည့် စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈(ဒီ)၊ မြေကွက်အမှတ်(၇၄)ဟုခေါ်တွင်သော အမှတ်(၁၁၉)ဗဟိုလမ်း ယခင်ရှမ်းလမ်းအိမ်နှင့် မြေအတွက် မြေပုံ မြေရာဇဝင်ကူးယူရန် လျှောက်ထားရာ၌ တရားပြိုင်များသည် (ဒေါ်ခင်ဌေးနှင့် သားကျော်မင်းခန့်(ခ)မင်းညီညီခန့်)ကန့်ကွက်ခွင့် ရှိသူများမဟုတ်ကြောင်း မြွက်ဟကြော်ငြာ ပေးစေလိုမှုကို ရန်ကုန်တိုင်းဒေသကြီးတရားရုံး တွဲဖက်တိုင်း တရားသူကြီး(၁၃)ဦးလှအေး ရုံးတော်၌ တရားမကြီးမှုအမှတ် ၈၅၈/၂၀၀၇ ဖြင့် တရားမကြောင်းအရ တရားစွဲဆိုခဲ့ပါသည်။ ထိုအမှု၌ ကွယ်လွန်သူမိဘ (၂)ပါး၏ ကျန်ရစ်သော အမွေပုံ ပစ္စည်းစာရင်းများ ဖော်ပြစွဲဆိုခဲ့ပါသည်။

၂။ အထက်ပါအမှု၌ ရုံးတော်မှ ရုံးကောက်ချက်များအဖြစ် (၃)ရပ်ထုတ်နုတ်ခဲ့ပါသည်။ ရုံးကောက်ချက်(၁)တရားလိုများသည် တရားပြိုင်များအပေါ် အမှုစွဲဆိုခွင့် မရှိဆိုသည်မှာ မှန်သလား။ ရုံးကောက်ချက်(၂)အမွေပုံအပေါ် သဘောတူညီချက်မှာ ကျပ် (၅၅)သိန်း မဟုတ်ဘဲ ကျပ် (၁၅၅) သိန်း သတ်မှတ်၍ တရားပြိုင်များမှ သဘောတူညီခဲ့သည်ဆိုလျှင် မှန်ပါသလား။ ရုံးကောက်ချက် (၃) တရားလိုများသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်းဟု ထုတ်နုတ်ခဲ့ပြီး နှစ်ဖက်လျှောက်လဲချက် ကြားနာ၍ ရုံးငြင်းချက် (၁)တရားလိုများ သည် တရားပြိုင်များအပေါ် အမှုစွဲဆိုခွင့် (Right to Sue)မရှိဆိုသည်မှာ မှန်သလားဟူသော ရုံးငြင်းချက်အပေါ် တရားပြိုင်များဘက်သို့ မှန်ကန်သည်ဟု ဖြေဆိုသည့် အမိန့်ဒီကရီကို ရန်ကုန်တိုင်းဒေသကြီးတရားရုံး တွဲဖက်တိုင်းတရားသူကြီး(၆)ဦးခင်မောင်ဌေးမှ (၁၀-၃-၂၀၀၈)ရက်တွင် အမိန့်ချမှတ်ပြီး တရားလိုများ၏ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့်-၇၊ နည်းဥပဒေ ၁၁(ဃ)အရ ပယ်ခဲ့ပါသည်။ ထိုအမိန့် ဒီကရီအပေါ် တရားလိုများအနေဖြင့် အယူခံတက်ရောက်ခြင်းမရှိပါသောကြောင့် ကွယ်လွန်သူ ဦးခင်အေး၊ ဒေါ်ရီတို့၏ အမည်ပေါက်ပိုင်ဆိုင်သော အိမ်နှင့်မြေအပေါ် သားကြီး(ဩရသ)ဦးအောင်မင်းထိန်၏ ကျန်ရစ်သောသားဖြစ်သူ မောင်ကျော်မင်းခန့်(ခ)မင်းညီညီခန့် အနေဖြင့် အမွေမမီ မြေးဖြစ်ကြောင်း ဆက်လက် တည်ရှိပါသည်။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးမှ ကြော်ငြာသော ကန့်ကွက်နိုင်ကြောင်း ကြော်ငြာကို ၂၀-၁-၂၀၀၇ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)ကော်လံ (၇)၌ ထည့်သွင်းကြော်ငြာခဲ့ပြီး ယခု ၁၃-၃-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ(ခ)စာမျက်နှာ၌ အမည်ပြောင်းကြော်ငြာအမှတ်စဉ်(၆)၌ ဒေါ်သန်းစန်းဝေ+၄ဟုဖော်ပြခြင်းမှာ ဒေါ်ခင်ခင်ဌေးနှင့် သားကျော်မင်းခန့်(ခ)မင်းညီညီခန့် တို့အနေဖြင့် မည်သည့် စွန့်လွှတ်စာချုပ်မှ မပြုလုပ်ရသေးပါသောကြောင့် အမည်ပြောင်းရောင်းချ ပေါင်နှံခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ဒေါ်ခင်ခင်ဌေး၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျော်ဝင်း
တရားလွှတ်တော်ရှေ့နေ
စဉ်-၃၈၈၉
အမှတ်(၂၇-အေ) ရုံးခန်းအမှတ်(၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

ဦးအိုက်တင် — **တရားလို**

နှင့်

၁။ ဦးနိုးထန်ဆွမ်း — **တရားပြိုင်များ**
၂။ ဦးဇော်မင်းထွေး
၃။ ဒေါ်ယဉ်ယဉ်ထွန်း

(၂) တရားပြိုင်ဦးဇော်မင်းထွေးနှင့် (၃)တရားပြိုင် ဒေါ်ယဉ်ယဉ်ထွန်း၊ အမှတ်(၁၅၉)၊ သစ္စာ(၅)လမ်း၊ (၂၉/အေ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်လိပ်စာ)ယခုနေရပ်လိပ်စာ မသိသူသိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအိုက်တင်က ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် ပဋိညာဉ်ပါအိပ်ခန်းအတွင်းရှိ(၁)တရားပြိုင်၏ ခုတင်နှင့် ခုံတန်းလျားများဖယ်ရှားပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ် ၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ မေလ ၂၆ရက်၊ (၁၃၇၅)ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက်နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဧပြီလ (၉)ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အုန်းခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၅၅)ရှိ မြေနှင့်အိမ်အား အမည်ပေါက်ပိုင်ဆိုင်သူ ၁။ ဦးလှိုင်ဝင်း[၁၂/ကမရ(နိုင်)၀၀၃၆၃၂]၊ ၂။ဦးကျော်မျိုးလင်း[၁၂/ဥကတ(နိုင်)၀၀၁၀၈၆]ထံမှ ကျွန်မကဝယ်ယူမည်ဖြစ်ပါသဖြင့် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း ကျွန်မထံသို့ ခိုင်လုံသောသက်သေအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ညွန့်ရီ(၀၉၇၃၁၉၈၀၈၀)
အမှတ်(၇) ၄လွှာ၊ ပဒုမ္မာလမ်း၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးတင်အေး မှတ်ပုံတင်အမှတ်[၁၂/ပဘတ(နိုင်) ၀၁၉၇၇၀]အမှတ်(၁၁၈)၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ၏သားဖြစ်သူ မောင်တင်ဦးလေး(ခ) ဘီလား မှတ်ပုံတင်အမှတ် [၁၂/ပဘတ(နိုင်)၀၂၇၃၁၀]သည် မိဘအား အကြိမ်ကြိမ်စိတ်ဒုက္ခပေးသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သောငွေကြေးကိစ္စ ပြဿနာအဝဝမှာ ကျွန်တော်နှင့်မသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စများကို စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးတင်အေး[၁၂/ပဘတ(နိုင်)၀၁၉၇၇၀]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်း-၂၀)
ပေါင်မြို့နယ်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀

ဒေါ်လှသန်း — နှင့် — ဒေါ်ဝါ
တရားလို — **တရားပြိုင်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာနေ(ယခုနေရပ်လိပ်စာမသိသူ)ဒေါ်ဝါ သိစေရမည်။ သင့်အပေါ်၌ တရားလိုဒေါ်လှသန်းမှ ငွေ(၂၆၅၀၀၀၀)ကျပ် (နှစ်ဆယ့်ခြောက်သိန်းငါးသောင်းကျပ်တိတိ) ပြန်ရလိုမှုလျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍(သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ ဧပြီလ(၃၀)ရက်၊ (၁၃၇၅ခုနှစ်၊ တန်ခူးလပြည့်ကျော်(၅)ရက်မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်)သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။

သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သဲသဲကျော်)
ဒုတိယမြို့နယ်တရားသူကြီး၊ ပေါင်မြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်း-၂၀)
ပေါင်မြို့နယ်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

မမိုးခိုင် — **ဒေါ်ဝါ**
တရားလို — နှင့် — **တရားပြိုင်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာနေ(ယခုနေရပ်လိပ်စာမသိသူ)ဒေါ်ဝါ သိစေရမည်။ သင့်အပေါ်၌ တရားလိုမမိုးခိုင်မှ ငွေ(၃၆၀၀၀၀၀/-)ကျပ်(သုံးဆယ့်ခြောက်သိန်းကျပ်တိတိ) ပြန်ရလိုမှုလျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍(သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့် အမိန့်အရ ရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ ဧပြီလ ၃၀ရက်၊ (၁၃၇၅ခုနှစ်၊ တန်ခူးလလပြည့်ကျော် ၅ရက် မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့တည်းမဟုတ်)သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဧပြီလ ၉ရက်တွင် ဤရုံးတော် တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မင်းဆွေ)
မြို့နယ်တရားသူကြီး၊ ပေါင်မြို့နယ်တရားရုံး

ဘိုးဘွားအမွေနှစ်မို့ ချစ်မြတ်နိုးပေ

ဒေါက်တာမြပိယ(ငါးကျမ်းပြန်)

မြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီစနစ်ဖြင့် အသွင်ကူးပြောင်းဆဲကာလမှာ ပညာရေးနှင့်ပတ်သက်၍ ဘာတွေလုပ်သင့်ပြီ၊ ဘာတွေလုပ်နိုင်ပြီဆိုတာ ဝိုင်းဝန်းစဉ်းစားပေးနိုင်ရန် ဤဆောင်းပါးကို ရေးသားခြင်းဖြစ်ပါတယ်။မြန်မာနိုင်ငံတော်ကို ယဉ်ကျေးမှုအမွေအနှစ်ခိုင်တဲ့ ပုံစံမျိုးနဲ့တိုင်းပြည်ကို ပြန်လည်တည်ဆောက်လိုကြရင် မြန်မာနိုင်ငံရဲ့သမိုင်းဦးကို ပြန်လည်ဆန်းစစ်ပြီး တိုင်းပြည်အတွက် ခိုင်မာတဲ့ အုတ်မြစ်မျိုးကိုချထားနိုင်ဖို့ မြန်မာ့သမိုင်းစာမျက်နှာများကို ပြန်လှန်သုံးသပ်ပြီး ဘယ်မှုကိုစံပြုလို့၊ ဘယ်သူ့ကို စံထားမလဲဆိုတဲ့ အချက်ဟာအရေးတကြီးဆွေးနွေးဖို့ လိုအပ်လာခြင်းပါ။ သမိုင်းစာမျက်နှာများမှာ အနော်ရထာမင်းကြီးဆိုတာ ပုဂ္ဂိုလ်ရေးအရာမှာလည်း အဘက်ဘက်က စံပြုလို့ရနိုင်တဲ့ ပုဂ္ဂိုလ်မျိုး၊ တိုင်းရေးပြည်ရာဆောင်ရွက်ရာမှာလည်း စံထားလို့ရနိုင်တဲ့ အခြေအနေမျိုးနဲ့ တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်နိုင်တဲ့ ရှင်ဘုရင်ကြီးတစ်ပါးဖြစ်ခဲ့ပါတယ်။

အနော်ရထာမင်းကြီးရဲ့ တိုင်းပြုပြည်ပြု၊ သာသနာပြုစနစ်များကို တိုက်ရိုက်ကော်ပီယူရန် အကြံပြုတာမျိုး မဟုတ်ဘဲ သူ့နည်းသူ့ဟန်များဟာ သူ့ခေတ်နှင့် သူ့တိုင်းပြည်အတွက် အံ့ဝင်ခွင်ကျဖြစ်နေခဲ့တယ်ဆိုတာ သိစေချင်တာပါ။ ပုဂံရာဇဝင်မှာ ထင်ရှားကျော်ကြားလှတဲ့ အနော်ရထာမင်းကြီးဆိုတာ ဘယ်သူလဲ။ နှောင်းခေတ်လူငယ်တို့ ဂဃနဏ သိချင်မှသိမယ်။ တိုင်းပြည်နဲ့လူမျိုးအတွက် ပေးဆပ်ရဲတဲ့သတ္တိလည်းရှိ၊ ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ဗျတ္တိလည်းရှိပြီး စေတနာသန့်သန့်ဖြင့် တိုင်းပြည်နှင့်လူမျိုး၊ ဘာသာနှင့်သာသနာကို ဂုဏ်တက်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့ ရှင်ဘုရင်ကြီးတစ်ပါးဖြစ်ပါတယ်။ ပုဂံပြည်သူ၊ ပြည်သားတွေကို မဆင်းရဲ၊ မနွမ်းပါးစေချင်တဲ့ မေတ္တာစာတ်ကို အခြေခံထားတဲ့ ဖြူစင်တဲ့နှလုံးသား၊ ဆင်းရဲတဲ့တိုင်းသူပြည်သားများကို တွေ့ရ၊ မြင်ရတဲ့အခါ သနားကြင်နာတတ်တဲ့ကရုဏာနှလုံးသားရှိတဲ့ ရှင်ဘုရင်ကြီးတစ်ပါးဆိုတော့ တိုင်းပြည်အတွင်း ဆင်းရဲသားပပျောက်ရေးကို စဉ်းစားတဲ့အခါ ပညာရေးဟာ အရေးကြီးတဲ့ အချက်ဖြစ်တယ်ဆိုတာ သူသဘောပေါက်ခဲ့တယ်။ ပညာချို့တဲ့ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဘေးထွက်ဆိုးကျိုးများကို တားဆီးပေးနိုင်ရန် ပညာရေးကို ဗဟိုမဏ္ဍိုင်ပြုလျက် တိုင်းကျိုး ပြည်ကျိုးများကို ဆောင်ရွက်ခဲ့ပါတယ်။

တိုင်းပြည်တစ်ပြည်မှာ ဖြေရှင်းရန် အခက်ခဲဆုံးနှင့်အကြီးမားဆုံး ပြဿနာဟာ တိုင်းသူ ပြည်သားများ ပညာရေးချို့တဲ့ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ အသိတရားခေါင်းပါးခြင်းဆိုတဲ့ ပြဿနာပါ။ တိုင်းပြည်မှာ ပညာတတ်နည်းပါးမှုကြောင့် ဖြစ်ပေါ်နေတဲ့ ဆင်းရဲသားများရဲ့ ဘဝပြဿနာအဖုံဖုံ၊ နိုင်ငံရေးပြဿနာအမျိုးမျိုး၊ ဒီပြဿနာမျိုးစုံကို ဖြေရှင်းပေးနိုင်ဖို့ဆိုတာ ခေါင်းဆောင်များနှင့်ချည်းမပြီးနိုင်ဘဲ ပြည်သူများကပါ ပါဝင်ဖြေရှင်းပါမှ ဖြစ်နိုင်တဲ့ ကိစ္စမျိုးပါ။ တိုင်းသူ ပြည်သားအများစုဟာ ပညာရေးနှင့်အသိတရားများ အားနည်းနေသေးရင် တိုင်းပြည်တွင်းမှာ ပြဿနာတွေက တစ်ခုပြီးတစ်ခု ဆက်လက်ဖြစ်နေဦးမှာဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံတော်ရဲ့ မျက်မှောက်ခေတ်မှာ ပညာရေးအခြေအနေကို သုံးသပ်ကြည့်လျှင် ခေတ်မီသော်လည်း ခေတ်နှင့်ရင်ပေါင်မတန်းနိုင်တဲ့ ပညာရေးမျိုး တိုင်းပြည်မှာရှင်သန်နေဆဲပါ။ ပညာရေးကိုမြှင့်တင်ပေးနိုင်ဖို့ အခြေအနေကောင်းများရှိသော်လည်း ပညာရေးမှာခေတ်နဲ့လျော်ညီတဲ့ မူစနစ်များ မချမှတ်နိုင်သေး၍ အုပ်ချုပ်သူနှင့်ပြည်သူတွေအကြား နားလည်မှုများအလှမ်းဝေးနေဆဲပါ။ ပညာရေးအားနည်းတဲ့ပြည်သူ ပြည်သားအများစုဟာ အထက်တန်းပညာရပ်များကို မသင်ခဲ့ကြရ၍ တိုင်းရေးပြည်ရာအဖြာဖြာတို့အတွက် အဖြေရှာနိုင်ရန် နည်းလမ်းများပျောက်ဆုံးနေဆဲပါ။ ဒီလိုဖြစ်ရတဲ့အဓိကအကြောင်းရင်းကတော့ ပြည်သူ ပြည်သားများရဲ့ ပညာရေးအဆင့်အတန်းများ နိမ့်ကျနေခြင်းကြောင့် ဖြစ်ပါတယ်။

အနော်ရထာမင်းကြီးဟာ တိုင်းပြည်တည်ငြိမ်၊ တိုးတက်ရေးနှင့် အမျိုးသားသွေးစည်းညီညွတ်ရေးတို့အတွက် ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို တိုင်းပြည်တွင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ မြန်မာမင်းအဆက်ဆက်ဟာလည်း အနော်ရထာရဲ့ ပညာရေးစနစ်ကို အတုယူလျက် ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ဗဟိုမဏ္ဍိုင်ပြု၍ တိုင်းပြည်ကို တိုးတက်အောင်တည်ထောင်နိုင်ခဲ့ကြတယ်။ သူ့ခေတ် သူ့ခါနှင့်လျော်ညီတဲ့ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကြောင့် ပုဂံပြည်သူ ပြည်သားများရဲ့ ပညာရေး၊ စီးပွားရေးအပြင် ဘုရားတည်၊ ကျောင်းဆောက်စတဲ့ ဗိသုကာပညာရပ်များ အစ ပန်းချီ၊ ပန်းပု ပညာရပ်များအထိ အထက်တန်းရောက်ခဲ့သည်မှာ ပုဂံပြည်သူတို့ရဲ့ ပညာရေးအဆင့်အတန်းများ ကောင်းမွန်မှုကြောင့်လို့ ဆိုရမှာပါ။

ဘိုးဘွားအမွေအနှစ်ဆိုတာ ဥယျာဉ်ခြံမြေလောက်သာ စိတ်အာရုံထဲမှာ မထားဘဲ အထက်တန်းပညာရပ်များကို သင်ယူနိုင်ခြင်းဟာလည်း ဘိုးဘွားအမွေအနှစ်ကို ချစ်မြတ်နိုးတတ်ဖို့ဆိုတာကိုလည်း မြန်မာပြည်သူ ပြည်သားများ မေ့မထားသင့်တဲ့အချက်ဆိုတာ သိရှိနိုင်ကြဖို့ပါ။ တိုင်းပြည်ကို ဘက်စုံတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ ပြည်သူ ပြည်သားများ၏ ရင်သွေးငယ်ဖြစ်တဲ့ ကျောင်းသား ကျောင်းသူများအား အထက်တန်းပညာရပ်များကို အခမဲ့သင်ယူနိုင်ရန် ဘယ်လိုနည်းနှင့် ဆောင်ရွက်ပေးနိုင်ကြမလဲဆိုတာ စဉ်းစားပေးနိုင်ကြဖို့ပါ။ ဖြစ်သင့်တာကတော့ တိုင်းပြည်တွင်းမှာ မွေးဖွားသူမှန်သမျှ တောင်ပေါ်မြေပြန့်မှာ နေထိုင်ကြတဲ့ ကျောင်းသား ကျောင်းသူများအားလုံး အထက်တန်းပညာရေးကို တစ်ပြေးညီ သင်ယူခွင့်များရရှိနိုင်ရန် နိုင်ငံတော်မှ ဘယ်ပုံဘယ်နည်းဖြင့် လုပ်ပေးနိုင်မလဲဆိုတဲ့အချက်ပါ။

ခေတ်မီတဲ့ပညာရေးစနစ်နှင့် ကျောင်းသား ကျောင်းသူများအား အထက်တန်းပညာရေးကို တစ်ပြေးညီသင်ယူနိုင်ရန် အောက်ပါအချက်များကို အလျင်အမြန် အကောင်အထည်ဖော်ပေးနိုင်ဖို့ပါ။

(၁) အထက်တန်းပညာရေးကို မသင်မနေရပညာရေးမျိုးဖြစ်အောင် နိုင်ငံတော်မှဆောင်ရွက်ပေးရန်၊ (၂) အထက်တန်းပညာရေးကို အခမဲ့သင်ကြားပေးနိုင်သော ပညာရေးမျိုးဖြစ်အောင် နိုင်ငံတော်မှဆောင်ရွက်ပေးရန်၊ (၃) ပညာကို သင်ကြားပေးရာ၌ စာသင်ခန်းအတွင်းမှာပင် တပည့်များကို သင်ခန်းစာများနှင့်ရင်းနှီးအောင်၊ နားလည်အောင်၊ သင်ကြားတတ်မြောက်အောင် သင်ပေးပြီး ကျူရှင်မလိုတဲ့ပညာရေးမျိုးဖြစ်အောင် နိုင်ငံတော်မှ ရေတိုစီမံကိန်းမျိုးမဟုတ်ဘဲ ရေရှည်စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးရန် အကြံပြုရခြင်းပါ။

အကယ်၍များ တိုင်းပြည်ရဲ့ စီးပွားရေးအနေအထားကြောင့် လတ်တလော တိုင်းပြည်အတွက် ထိုကဲ့သို့သော တာဝန်များကိုယူနိုင်ရန် အခိုက်အတန့်အားဖြင့် ခက်ခဲနေဦးမည်ဆိုလျှင် ပြည်သူ ပြည်သားများရဲ့ အကူအညီဖြင့် ဖွင့်လှစ်ပေးနေသော ပညာဒါနကျောင်းများ၊ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများနှင့် နယ်စပ်ဒေသများရှိ ကျောင်းသား ကျောင်းသူများအား ပညာကိုအခမဲ့သင်ကြားပေးနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အထက်တန်းကျောင်းများအဖြစ် တိုးမြှင့်ပေး၍ ပညာသင်ကြားရေးကို နိုင်ငံတော်က စွမ်းနိုင်သမျှ ကူညီပံ့ပိုးပေးနိုင်ရန် လိုအပ်နေခြင်းပါ။

တစ်တိုင်းပြည်လုံး အခမဲ့ပညာရေးစနစ်ကို တစ်ချိန်ချိန်မှာ ဖြစ်လာနိုင်စေရန် အခြေပျိုးအနေနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အထက်တန်းကျောင်းများ၏ အင်္ဂါရပ်များနှင့်ညီညွတ်နေခဲ့လျှင် အထက်တန်းကျောင်းများအဖြစ် ဖွင့်လှစ်ပေးသင့်ခြင်းပါ။ အဘယ်ကြောင့်ဆိုသော် ပညာသင်ကြားရန် ပညာသင်စရိတ်မတတ်နိုင်ကြသော ဆင်းရဲသားမိသားစုမှ ပေါက်ဖွားလာကြသော ကျောင်းသား ကျောင်းသူများသည် လည်းကောင်း၊ နယ်စပ်ဒေသများရှိ ကျောင်းသား ကျောင်းသူများသည် လည်းကောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အားထားမှီခို၍ အထက်တန်းပညာကို သင်ယူနေကြရသောကြောင့် ဤကဲ့သို့တင်ပြရခြင်းပါ။ နိုင်ငံတော်မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို လူမျိုးရဲ့လူဦးရေအချိုးအစားအလိုက် လိုအပ်သောနေရာ၌ လိုအပ်သလို ဖွင့်လှစ်ပေးခြင်းဖြင့် တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို တစ်ဖက်တစ်လမ်းမှ ကူညီ၍ မြှင့်တင်ပေးနေခြင်းလို့ ဆိုနိုင်ခြင်းပါ။

အများစုဖြစ်တဲ့ ဆင်းရဲသားကလေးသူငယ်များ ပညာတတ်မြောက်လာတဲ့အခါမှာ ဘိုးဘွားအမွေအနှစ်ကို လေးလေးစားစားနဲ့ ချစ်မြတ်နိုးလာတတ်ဖို့ပါ။ ထို့ကြောင့် ပညာရေးမူဝါဒများ အလျင်အမြန် အကောင်အထည်ဖော်နိုင်ပါမှ လူမျိုးရေးပြဿနာ၊ နိုင်ငံရေးပြဿနာ၊ တိုင်းရင်းသားရေးရာပြဿနာ၊ ကလေးသူငယ် အလုပ်သမားပြဿနာ၊ ကလေးငယ်များ တောင်းရမ်းစားသောက်နေသည့် လူမှုရေးပြဿနာများကို တကူးတကဖြေရှင်းပေးရန် မလိုတော့ဘဲ ပညာရေးအဆင့်ရှိတဲ့ ပြည်သူတို့ရဲ့ အသိတရားကပင် အလိုအလျောက်ဖြေရှင်းပေးနိုင်မည်ကို ယုံကြည်မိခြင်းပါ။ ဤနည်းဖြင့် ဘိုးဘွားအမွေအနှစ်ကို အတူတကွကာကွယ်စောင့်ရှောက်နိုင်ရန် သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်ပေးကြဖို့ပါ။ ပြည်သူတွေ အသိရှိဖို့ ပညာရေးမူဝါဒများကို အလျင်အမြန် အကောင်အထည်ဖော်ပေးမည်ဆိုလျှင် ဘိုးဘွားအမွေအနှစ်ကို ချစ်မြတ်နိုးသူတွေ တိုင်းပြည်တွင်းမှာ တစ်ယောက်ပြီးတစ်ယောက် ပေါက်ဖွားလာနိုင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးလိုက်ရပါတယ်။ ။

စစ်ကိုင်းမြို့ ကျေးရွာများသို့ သောက်သုံးရေပေးဝေ

စစ်ကိုင်း မေ ၁၃

